မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ ၃ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၀)၊ အမှတ် (၉၅)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်လာသော အခြေခံအဆောက်အအုံများ

ပညာရေးနှင့်ကျန်းမာရေးကဏ္ဍ

နိုင်ငံတော်ကို ဆက်လက်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်

လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အစဉ်အမြဲ သတိရနေကြရမည်ဖြစ်သည်။ နိုင်ငံတော်အခွန့်ရှည် တည်တံ့ခိုင်မြဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် နိုင်ငံတော်ကို ဆက်လက်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာမှ -

ကျန်းမာကြံ့ခိုင်ပြီး စွမ်းရည်မြင့် ထူးချွန်ထက်မြက်သော လူသားစွမ်းအားအရင်းအမြစ်များ၏ ကာယ၊ ဉာဏစွမ်းပကားများဖြင့် စက်မှုနှင့် နည်းပညာမြင့်မားသော အနာဂတ်နိုင်ငံတော်သစ်ကို အောင်မြင်အောင် တည်ဆောက်ကြမည်

စက်မှုနှင့်နည်းပညာမြင့်မားပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံသစ်ကို ထူထောင်တည်ဆောက်ရာတွင် စွမ်းရည်မြင့်ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်များ မရှိမဖြစ်လိုအပ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် လူသားစွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်တစိုက်အလေးထားမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိသည်။ အရည်အသွေးမြင့်မားသော စွမ်းရည်မြင့် လူသားစွမ်းအားအရင်းအမြစ်များ မွေးဖွားသန့်စင်ပေးနိုင်ရေးအတွက် ပညာရေးနှင့်ကျန်းမာရေးကဏ္ဍ မြှင့်တင်တည်ဆောက်မှုများကို အလေးထားဆောင်ရွက်လျက်ရှိရာ ယနေ့ကာလ ဖွံ့ဖြိုးတိုးတက်မှုပြယုဂ်များ၌ ပညာရေးနှင့်ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများသည် ရှေ့တန်းမှ ထင်ရှားပေါ်လွင်စွာ ပါဝင်လျက်ရှိပေသည်။

စာမျက်နှာ ၆ ကော်လံ ၁ *

ပညာရည်အဆင့်အတန်းမြင့်မားလာမှုနှင့်အတူ ပညာသင်ယူမှုအခွင့်အလမ်း တစ်ပြေးညီဖြစ်စေရန် ကွန်ပျူတာတက္ကသိုလ်(ပခုက္ကူ) အဆောက်အအုံကို ဤသို့ ကြွားကြွားဝင့်ဝင့် တွေ့မြင်ရသည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇန်နဝါရီ ၃ ရက်)

မီးဘေးအန္တရာယ် သတိပြုကာကွယ်

မီးသည် ရန်သူမျိုးငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်ရာ ''ကြီးငယ်မဟူ သတိမူ ရန်သူမီးကိုသာ'' ဆိုသည့် မီးသတိပေးဆောင်ပုဒ်နှင့်အညီ မီးကို လူတိုင်းသည် အလေးဂရုပြုပြီး သတိထားသုံးစွဲ ကြရမည် ဖြစ်သည်။

ရပ်ကွက်၊ စက်ရုံ၊ အလုပ်ရုံ၊ အစိုးရဌာန၊ ကျောင်းများတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး အတွက် သတိပေးနှိုးဆော်ခြင်းနှင့် ဟောပြောပွဲများ ပြုလုပ်လျက်ရှိသည်။ မီးလောင်ဆုံးရှုံးမှုများကိုကြည့်လျှင် အများဆုံး မီးလောင်ဆုံးရှုံးမှုသည် ပေါ့ဆမီးကြောင့် ဖြစ်သည်။ အချို့သည် မီးကို အလွယ်တကူ သုံးစွဲလိုက်ပြီး နောက် မီး၏ အန္တရာယ်ဆိုးကျိုးကို ထည့်သွင်းမစဉ်းစားဘဲ ပေါ့ဆမှုဖြင့် သတိမမူဘဲ နေတတ်ကြသည်။

တစ်ဦးတစ်ယောက်၏ ပေါ့ဆမှုကြောင့် မိမိ၏မိသားစု၊ ရပ်ကွက်၊နေအိမ်၊ ကျောင်း စသည်ဖြင့် မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးပျက်စီးရသည်။ ထို့ကြောင့် မီးကိုစတင်အသုံးပြုသူများသည် မိမိကြောင့် အများပြည်သူ မထိခိုက်စေရေးအတွက် ပိုမို၍ အထူးသတိပြု သုံးစွဲသင့်သည်။

၂၀၁၀ခုနှစ် နှစ်စမှနိုဝင်ဘာလအထိ မီးလောင်မှု ၈၅၆ကြိမ် ဖြစ်ပွားခဲ့ရာ ပေါ့ဆမီးမှာ ၄၂၂ကြိမ် ဖြစ်သည်ကို ကြည့်ခြင်းဖြင့် မီးသုံးစွဲသူအချို့၏ သတိမမူ ပေါ့ဆမှုကို လေ့လာသိရှိနိုင်သည်။ ပေါ့ဆမှုကြောင့် မီးလောင်မှု လျော့ကျရန် မီးသတ်ဦးစီးဌာနက ပြည်သူများအား ပညာပေးမှုနှင့် သတိပေးမှုများကို အလေးထား ဆောင်ရွက်လျက်ရှိသည်။

အခြားသော သဘာဝဘေး အပါအဝင် နေအိမ်၊ တိုက်တာများဆုံးရှုံးမှုတွင် မီးဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုသည် ရာခိုင်နှုန်း ၇၀ ရှိသည်။ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့သည် ''မြန်သုံးမြန်''ဆိုသည့် နည်းလမ်းကို လက်တွေ့ဆောင်ရွက်လျက်ရှိရာတွင် မီးလောင်မှုကို အမြန်ဆုံးသိအောင် ဆောင်ရွက်ရန်၊ မီးလောင်သည့်နေရာကို အမြန်ဆုံးသွားရောက်ရန်၊ အမြန်ဆုံးမီးငြိမ်းသတ်ရန်ဟူသည့် အချက်များကို ကျင့်သုံးလျက်ရှိသည်။

သို့ဖြစ်ပေရာ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန် နည်းလမ်း အသွယ်သွယ်ဖြင့် ဆောင်ရွက်လျက်ရှိရာမှာ အများပြည်သူများကလည်း ဝိုင်းဝန်းပါဝင်လက်တွဲပြီး မြန်ပြည် တစ်ခွင် အေးချမ်းသာယာစေရေးအတွက်''မီး''ကိုသတိပြု သုံးစွဲကြရန် ဖြစ်ပါကြောင်း တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဥသျှစ်ပင် ပင်မဓာတ်အားခွဲရုံ ဝန်ကြီးဦးခင်မောင်မြင့် သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဒီဇင်ဘာ ၃၁ရက် မွန်းလွဲ ၁ နာရီခွဲက ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ဥသျှစ်ပင်မြို့နယ်ရှိ ၂၃၀/၆၆/၁၁ ကေဗွီ (၁၀၀)အမ်ဗွီအေ ဥသျှစ်ပင် ပင်မဓာတ်အားခွဲရုံ သို့ရောက်ရှိပြီး ဓာတ်အားခွဲရုံ Control Room အတွင်း Control Panal များမှ ဓာတ်အားအဝင် လက်ခံရရှိမှုနှင့် ဖီဒါသုံးခု၏ ဓာတ်အားဖြန့်ဖြူးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဝန်ကြီးသည် ဓာတ်အားခွဲရုံ Switch Yard အတွင်း လှည့်လည်၍ Transformer များ ကြံ့ခိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် ဓာတ်အားလိုင်းများ အဝင်/အထွက် ချိတ်ဆက် သွယ်တန်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးရာ ဓာတ်အားခွဲရုံမှူးနှင့် တာဝန်ရှိသူများက လိုက်လံပြသ ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ်းကပ်ခုံ ချောက်၌ပြုပြင်

ချောက် ဒီဇင်ဘာ ၂

ချောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အမှတ်(၁၄)ရပ်ကွက် စစ်ကွင်း သစ်သားတံတားကမ်းကပ်ခုံပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်မှုကို နိုဝင်ဘာ ၂၉ ရက်က ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးစိုးသန်းနှင့် တာဝန်ခံအင်ဂျင်နီယာဦးကျော်မင်းသန့်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခဲ့သည်။ (မြို့နယ်စည်ပင်)

သူနာပြု တက္ကသိုလ်(ရန်ကုန်) အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂

သူနာပြုတက္ကသိုလ်(ရန်ကုန်) B.N.Sc (Generic) ဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၄ရက် နံနက် ၉ နာရီတွင် သူနာပြုတက္ကသိုလ် (ရန်ကုန်) ပင်မအဆောက်အအုံ ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ ***(မြန်မာ့အလင်း)***

တောင်ကုတ်မြို့၌ မိုးစပါးစံကွက်ရိတ်သိမ်း

တောင်ကုတ် ဇန်နဝါရီ ၂

တောင်ကုတ်မြို့နယ် မိုးစပါးစံကွက် ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၂၂ရက် နံနက်ပိုင်းက ကြိုးကြားကွင်းကျေးရွာ အုပ်စုရှိ ကွင်းအမှတ်(၆၇/ခ)၊ ဦးပိုင် အမှတ်(၆၀) တောင်သူဦးမောင်ဖြူ၏ လယ်မြေ၌ ကျင်းပသည်။

ရိတ်သိမ်း

အဆိုပါစံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးသိန်းဇော်၊ အတွင်းရေးမှူး ဦးကျော်ရွှေနှင့်ဝန်ထမ်းများ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးသိန်းငွေနှင့်ဝန်ထမ်းများ၊ ဒေသခံ တောင်သူများ တက်ရောက်ကြပြီး စံကွက်ရိတ်သိမ်းရာတွင် ကျော်ဇေယျ စပါးမျိုးတစ်ဧက စပါး ၈၃ ဒသမ ၇၄တင်းနှုန်း ထွက်ရှိကြောင်း သိရ သည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ဝိုင်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းကတ္တရာလမ်းခင်းနေမှုကို ကချင်ပြည်နယ်စည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ဒီဇင်ဘာ ၂၅ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးငွေလွင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းထွန်းဝင်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကုန်စည်ဒိုင် ဆိုင်းဘုတ်တင်ပွဲ ပုသိမ်၌ကျင်းပ

ပုသိမ် ဇန်နဝါရီ ၂

ပုသိမ်ခရိုင် ပုသိမ်ကုန်စည်ဒိုင် ဆိုင်းဘုတ်တင်ပွဲကို ဒီဇင်ဘာ ၂၆ရက်က ပုသိမ်မြို့ အမှတ်(၂၈) ကမ်းနားလမ်း၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးပါစည်၊ ပုသိမ်ကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မင်းနိုင်တို့က ဆိုင်းဘုတ်ကိုဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)၏ အဌမအကြိမ် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၃ရက်(စနေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင် လမ်း ဗဟန်းအားကစားကွင်းအတွင်းရှိ M-3 Food Center (Diamond Hall) ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်နိုင်

ရန်ကုန်မြို့ရောက် ကြံခင်းသူ ကြံခင်းသားများနှင့် အသင်းဝင်များအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အစည်းအဝေးသို့ စုံညီစွာတက်ရောက် ကြရန်နှင့် ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးသုံးဘာသာနှင့် အထက်ရရှိကြသည့် အသင်းဝင်များ၏ သားသမီးများနှင့် ၂၀၁၁ ခုနှစ် အမှုဆောင်အသစ်ရွေးချယ်ရန်ရှိသဖြင့် မိမိဆန္ဒအလျောက် အသင်းတာဝန်များ ထမ်းဆောင်လိုသူအသင်းဝင်များသည် ဇန်နဝါရီ ၁၈ ရက် နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး စန်းလွင်(ငြိမ်း)ဖုန်း-၀၁-၆၃၆၇၈၀၊ အတွင်းရေးမှူး ဦးစိန်ငွေ ဖုန်း-၀၁-၆၆၃၄၈၉၊ ဘဏ္ဍာရေးမှူး ဒေါ်တင်တင်ထွေး ဖုန်း- ၀၁-၅၄၁၀၆၅နှင့် အလုပ်အမှုဆောင် ဒေါ်အေးအေးညွန့် ဖုန်း-၀၁-၆၄၆၅၇၁ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ *(မြို့နယ်အသင်း)*

ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂

ပညာရေးဝန်ကြီးဌာန၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီတွင် နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး တက်ရောက်အားပေးသည်။

ဖဲကြိုးဖြတ်ဖွင့်

ရှေးဦးစွာ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ထူးချွန်ကျောင်းသား ကျောင်းသူ ၁၄ဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ကျောင်းအားကစားခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပညာရေးဖွံ့ဖြိုးမှုဗဟိုပြကွက်၌ခင်းကျင်းပြသထားသော ပြကွက်များနှင့် မှတ်တမ်းဓာတ်ပုံများကို လှည့်လည် ကြည့်ရှုအားပေးကြသည်။ **(အပေါ်ဝဲပုံ)**

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် အခြေခံပညာကျောင်းသားကျောင်းသူများ၏ ဂီတဖျော်ဖြေမှုနှင့် ကျွမ်းကျင်မှုပြပွဲတွင် အမှတ်(၃)အခြေခံပညာဦးစီးဌာန ကျောင်းသားကျောင်းသူလေးများ၏ "စုံညီပွဲတော် တို့နွဲပျော်" တေးသီချင်း၊ နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ၏ "ပြည်ထောင်စု၏ထာဝရအလှတရားများ" တေးသရုပ်ဖော်အက၊အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ကျောင်းသားကျောင်းသူလေးများ၏ "အောင်စေပိုင်စေ" တေးသီချင်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ အကြားအာရုံချို့ယွင်းသော ကျောင်းသူလေးများ၏ "ပန်းရည်ဘဏ်တိုက်" ယိမ်းအက၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ နိုင်ငံတကာဆုရ ကျောင်းသားကျောင်းသူလေးများ၏ "ဂူရှူးစွမ်းရည်" ပြကွက်၊ နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားလေးများ၏ "သျှောင်ပေစူး" အက၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ကျောင်းသူလေးများ၏ "ခေတ်သုံးခေတ်မှုံရွှေရည်" အကနှင့် နေပြည်တော် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများ၏ "ရှမ်းတိုင်းရင်းသား" ရိုးရာအကတို့ကို အားပေးကြည့်ရှုခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သွေးလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီးတွင် (၁၂)ကြိမ်မြောက် စုပေါင်း သွေးလှူဒါန်းပွဲကို ဈေးသာယာရေးအဖွဲ့က ဦးဆောင်စည်းရုံး၍ ဇန်နဝါရီ ၈ရက် (စနေနေ့)တွင် အဆိုပါဈေးကြီး၌ ကျင်းပမည်ဖြစ်ပြီး သွေးပုလင်း ၄၀၀ခန့်နှင့် အလှူငွေများ လှူဒါန်းကြရန် စီစဉ်ထားသည်။ သွေးနှင့် အလှူငွေများ လှူဒါန်းကြမည့် စေတနာရှင်များအားလည်း ဈေးသာယာရေးအဖွဲ့ သွေးလှူဒါန်းရေး ကော်မတီမှ ဆေးဝါးများ၊ အားဖြည့်အာဟာရများနှင့်လက်ဆောင်ပစ္စည်းများ ပြန်လည်ချီးမြှင့်မည်ဖြစ်သည်။ သွေးနှင့်အလှူငွေလှူဒါန်းလိုသူများအနေဖြင့် သွေးလှူဒါန်းပွဲကော်မတီ ဥက္ကဋ္ဌ ဦးလှအေး ဖုန်း-၇၂၆၂၆၉၊ အတွင်းရေးမှူး ဦးခင်မောင်လွင် ဖုန်း-၇၃၁-၅၀၅၄၇၊ ဈေးသာယာရေးအဖွဲ့ရုံး ဖုန်း-၆၈၂၀၁၉ တို့ထံသို့ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။**(မြန်မာ့အလင်း)**

သိန်းနီ၌ ကျောက်ချောလမ်းခင်း

သိန်းနီ ဇန်နဝါရီ ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ နိုဝင်ဘာ ၂၂ရက်က သိန်းနီမြို့နယ် စည်ပင်သာယာရေးက ဆောင်ရွက်လျက်ရှိသော ကောင်းဟော် -တိုင်ယက် - မိုင်းယမ်းလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိဦးခင်စောနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ကျော်တို့ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

နှမ်းစပါးစိုက်ပျိုးမှု ထားဝယ်၌ ကွင်းဆင်းစစ်ဆေး

ထားဝယ် ဇန်နဝါရီ ၂

ထားဝယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမျိုးနှင့် အတွင်းရေးမှူး ဦးတင်ဝင်းတို့သည် ခရိုင်စိုက်တိုးမြှင့်အဖွဲ့ဝင်များလိုက်ပါလျက် ဒီဇင်ဘာ ၁၈ရက် နံနက်က ထားဝယ်မြို့နယ် ဇလွန်းကျေးရွာရှိ တောင်သူဦးငွေကျော်၏ ရက် ၉၀ ပန်းတိုင် နှမ်းစပါးငါးဧကပျိုးထောင်စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးရာ ထားဝယ်မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းမြနှင့် မြို့နယ်စိုက်တိုးမြှင့် အဖွဲ့ဝင်များက စိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်းပြသခဲ့ကြသည်။ **(အောက်ပုံ)** ယင်းနောက် ခရိုင် ဥက္ကဋ္ဌနှင့်အဖွဲ့သည် သဗျာကျေးရွာရှိ နှမ်းစပါး စိုက်ပျိုးရေရရှိရေးအတွက် ပေါက်တိုင်းချောင်းကို စက်ဖြင့် ပိတ်ဆို့ ရေလှောင်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လောင်းလုံးမြို့နယ် မြို့ဟောင်းကျေးရွာရှိ နှမ်းစပါးသီးထပ်စိုက်ပျိုးရန် ထွန်ယက်ပျိုးထောင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

စိုက်ပျိုးထား

ထားဝယ်ခရိုင်အနေဖြင့် နှမ်းစပါး သီးထပ်ဧက ၄၀၀၀ စိုက်ပျိုးရန် လျာထားသည့်အနက် ၅၄၉ ဧက စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**



မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်ပါ

ပန်းချီဆရာများရေးဆွဲလှူဒါန်းထားသော ပန်းချီကားများကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာကြီး စိန်ရတုခန်းမ ဒုတိယထပ်၌ ပြသရောင်းချနိုင်ရန်အတွက် ဇန်နဝါရီ ၁ရက်က အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူဇော်၊ အစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးသောင်းဟန်၊ ရိပ်သာကြီး အမှုဆောင်စာရင်းစစ် ဦးစိုးညွန့်တို့က ဖဲကြိုးဖြတ်ဖွင့် လှစ်ပေးကြစဉ်။ (ဘိုးဘွားရိပ်သာ)

Notebook များ ရောင်းချမည်

ရန်ကုန် ဇန်နဝါရီ ၂

KMD Sales & Service ၏ New Year Sales Road Show ကို ရန်ကုန်မြို့နှင့်မန္တလေးမြို့များရှိ KMD Sales & Service Centre တိုင်း၌ ဇန်နဝါရီ ၄ရက်နှင့် ၅ရက်တို့တွင် ပြုလုပ်ပေးသွားမည်ဖြစ်သည်။ ယခင် အထူးဈေးရောင်းပွဲများနည်းတူ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို ပုံမှန်ဈေးနှုန်းထက် သက်သာသော အထူးဈေးနှုန်းများဖြင့် ၅၀ရာခိုင်နှုန်းအထိ လျှော့ချကာ ရောင်းချပေးသွားမည်ဖြစ်သည်။

KMD Sales & Service Centre အနေဖြင့် ယခုနှစ် New Year Sales Road Show ၌ဇန်နဝါရီ၉ရက်တွင် ကမ္ဘာ့အကြီးဆုံး CPU ထုတ်လုပ်သူ Intel မှ စတင်ရောင်းချပေးမည့် နည်းပညာအသစ်များဖြင့် ထုတ်လုပ်ထားသော CPU အသစ်ပါဝင်သော Lenovo Notebook များကို နမူနာပြသပေးသွား မည်ဖြစ်သည်။ Lenovo Notebook များကို ဝယ်ယူလိုပါကလည်း ဇန်နဝါရီ ၉ရက်တွင် ကမ္ဘာနှင့်တစ်ပြေးညီ KMD Sales & Service Centre က ရောင်းချပေးသွားမည်ဖြစ်ရာ Road Show ကျင်းပသောနေ့တွင် ငွေကျပ်ငါးသိန်းဝန်းကျင်ဖြင့် ကြိုတင်စာရင်းပေးသွင်းပြီး ဝယ်ယူနိုင်မည်ဖြစ်သည်။ ထို့အပြင် nVidia Optimus နည်းပညာအသစ်ပါဝင်သော Notebook များကိုလည်း ပြသရောင်းချပေးသွားမည်ဖြစ်သည်။ အခြားအထူးအစီအစဉ်များ အနေဖြင့် Acer 4738z Notebook (P6200 CPU, 1GB RAM, 320GB HDD) ကို ငွေကျပ် ၃၉၀၀၀၀ဖြင့် ရောင်းချပေးခြင်း၊ Desktop သို့မဟုတ် ငွေကျပ်တစ်သိန်းဖိုးနှင့်အထက် ဝယ်ယူသော Customer များအား ဗလာမပါ ကံစမ်းမဲနှိုက်ပေးခြင်း၊ Notebook နှင့် Netbook ဝယ်ယူသော Customer များအတွက် ငွေကျပ် ၃၀၀၀မှ ငွေကျပ် ၁၅၀၀၀တန်ဖိုးအထိ ပါဝင်သော Gift Voucher ကို ဗလာမပါကံစမ်းမဲနှိုက်ပေးခြင်း၊ ကွန်ပျူတာဝယ်ယူသူတိုင်း အားလည်း ငွေကျပ် ၉၀၀၀တန် 1 GB Pen Drive ကို ငွေကျပ် ၄၅၀၀တည်းဖြင့် ရောင်းချပေးခြင်း၊ ၅၀ရာခိုင်နှုန်းဈေးလျှော့ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများကို Special Offer အစီအစဉ်အနေဖြင့် နံနက် ၁၀နာရီတွင် တစ်ကြိမ်၊ မွန်းလွဲ၂နာရီတွင် တစ်ကြိမ်ရောင်းချပေးခြင်းတို့ကို ပြုလုပ်ပေးသွားမည်ဖြစ်သည်။

အသေးစိတ်စုံစမ်းသိရှိလိုပါက KMD Sales & Service Centre ရန်ကုန်-ပန်းဆိုးတန်းဆိုင်ခွဲ ဖုန်း-၃၈၅၁၇၇နှင့် ၂၄၅၁၈၀၊ ရန်ကုန်-ဘားလမ်းဆိုင်ခွဲ ဖုန်း-၀၉-၈၃၀၃၇၇၈၊ ရန်ကုန်-မြေနီကုန်းဆိုင်ခွဲ ဖုန်း-၅၀၃၅၂၂နှင့် ၅၀၃၅၁၁၊ မန္တလေးဆိုင်ခွဲ ဖုန်း-၀၂-၆၀၃၆၀ နှင့် ၆၀၂၃၉ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အရည်အသွေးစစ်ဆေး

ကွန်ဟိန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ် ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ ကွန်ဟိန်းမြို့မဈေးနှင့် အိမ်ဆိုင်များတွင်ရောင်းချသော အိမ်သုံးဆားများတွင် အိုင်အိုဒင်းပါဝင်မှုအရည်အသွေးစစ်ဆေးခြင်းကို ဒီဇင်ဘာ၄ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော် ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

မြောက်ဥက္ကလာ အထက(၁) ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂

မြောက်ဥက္ကလာပ အထက(၁) ကျောင်းသားဟောင်းများ၏ (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ၉ရက် မွန်းလွဲ ၁နာရီတွင် အထက(၁) မြတ်ခရေခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြရန်နှင့် အလှူငွေများကို အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတရေ ဦးအောင်ကြည်မြင့် ဖုန်း-၂၅၂၇၇၇၊ ၀၉-၅၁၉၇၇၇၇၊ ဦးအေးကို၊ ဦးချိုအေး(ACA) ဖုန်း-၆၉၁၁၂၃၊ ၀၉-၈၀၂၀၄၀၀၊ ဦးစိုးသန်း ဖုန်း-၅၅၈၆၉၈၊ ၅၅၉၀၇၄၊ ကိုဆုတင် ဖုန်း-၀၉-၅၀၀၉၉၀၁၊ ဦးချစ်အောင် ဖုန်း-၇၃၀-၂၂၀၆၂၊ ဒေါ်လှသိန်း ဖုန်း-၆၉၁၁၈၂၊ ၇၃၀-၁၀၅၅၈နှင့်ဒေါ်ဆောင်းသီတာ(သက်လုံ အထူးကုဆေးခန်း) ဖုန်း-၆၉၀၂၂၇၊ ၀၉-၅၀၀၄၃၁၉တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

စာကြည့်တိုက်အဆောက်အအုံသစ် ထန်းတပင်မြို့၌ဖွင့်

ထန်းတပင် ဇန်နဝါရီ ၂

ရန်ကုန်မြောက်ပိုင်းခရိုင်(အင်းစိန်) ထန်းတပင်မြို့နယ် ခနဲရိကျေးရွာအုပ်စု ကျောင်းကုန်းကျေးရွာတွင် ဝန်ဇင်းဖိုးရာဇာ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၆ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေဒိုး၊ ကျေးရွာဥက္ကဋ္ဌ ဦးသန်းရွှေ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်ငြိမ်းငြိမ်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ထို့နောက် စာကြည့်တိုက်အတွက် မြို့နယ်ဥက္ကဋ္ဌ ဦးငွေဒိုးနှင့် မြို့နယ်ဦးစီးမှူး ဒေါ်ခင်ငြိမ်းငြိမ်းတို့က စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးသန်းရွှေနှင့် တာဝန်ရှိသူများက လက်ခံခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဝန်ကြီးဦးသိန်းညွန့် မအူပင်-တွံတေး ကားလမ်းစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်သည် ဒီဇင်ဘာ၂၇ရက် နံနက်ပိုင်းက မအူပင်-တွံတေးကားလမ်း တွံတေးတံတားမှ တွံတေး(မြဂိုးကျေးရွာ) အထိ မြေသားလမ်း (၈/၃)မိုင်ကို စက်ယန္တရားကြီးများဖြင့် ဆောက်လုပ်နေမှု၊ တံတားငါးစင်း ဖောက်လုပ်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မိုင်တိုင်အမှတ်(၁၂/၇)တွင် (၁၈)ပေအကျယ် ကတ္တရာလမ်းခင်းဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ်(၅/၇)တွင် ကတ္တရာဖျန်းစက်ဖြင့် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဖောက်လုပ်ပြီးစီး

မအူပင်-တွံတေးလမ်းပိုင်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ တွံတေးတံတားမှ တွံတေး(မြဂိုးကျေးရွာ)အထိ မြေသားလမ်း (၈/၃)မိုင်ကို ဖောက်လုပ်ပြီးစီးပြီး လှိုင်းတာရေတံခါးမှ ခတ္တိယတံတား (၈/၁)မိုင်တွင် (၁၈)ပေအကျယ် ကျောက်လမ်း(၇/၁)မိုင်၊ (၁၈)ပေအကျယ် ကတ္တရာလမ်း (၁/၂)မိုင် ဖောက်လုပ်ပြီးစီးပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပန်းတနော်မြို့နယ် ရွှေကျောင်းမြောက်ကျေးရွာအုပ်စု ရွှေမြင်တင်ကျေးရွာ ပညာပဒေသာစာကြည့်တိုက် ပန္နက်တင်ပွဲနှင့် အလှူငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၅ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဦး အမှာစကားပြောကြားစဉ်။
(မြို့နယ် ပြန်/ဆက်)

ကျွန်းလှ၌ သွေးလှူရှင်များအား ဂုဏ်ပြု

ကျွန်းလှ ဇန်နဝါရီ ၂

ရွှေဘိုခရိုင် ကျွန်းလှမြို့နယ်၌ သွေးလှူရှင်များနေ့ အထိမ်းအမှတ် သွေးလှူရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၄ရက်က မြို့နယ်စုပေါင်းရုံးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် သွေးလှူရှင် ၄၉ဦးအား အခမဲ့သွေးအုပ်စု စစ်ဆေးခြင်း၊ ငါးကြိမ်အထက် သွေးလှူရှင် ၅၉ဦးအား အသည်းရောင်အသားဝါ(ဘီ)ရောဂါကာကွယ်ဆေး အခမဲ့ထိုးပေးခြင်း လုပ်ငန်းများ ဆောင်ရွက်သည်။

ဆုချီးမြှင့်

ဆက်လက်ပြီး မြို့နယ်ကျန်းမာရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်က ဂုဏ်ပြုအမှာစကားပြောကြား၍ အတွင်းရေးမှူးဒေါက်တာ နေမင်းမျိုးထွန်းက သန့်ရှင်းသောသွေးနှင့် သွေးလှူရှင်များတိုးပွားရေးအကြောင်း ရှင်းလင်းကာ သွေးလှူရှင် ၅၇ဦးအား ဂုဏ်ပြုဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**
(မြို့နယ် ပြန်/ဆက်)

ကျောက်ဖြူမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

ကျောက်ဖြူ ဇန်နဝါရီ ၂

ကျောက်ဖြူမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၃ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ အသက် (၇၅)နှစ်နှင့်အထက် သက်ကြီးအသင်းဝင်များ၊ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရအသင်းဝင်သားသမီးများ စာရင်းပေးသွင်းရန်နှင့် ကျောက်ဖြူဒေသခံများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပြီး ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်အောင် အသင်းဝင်များ၏ သားသမီးများ ပညာသင်ထောက်ပံ့ကြေးလျှောက်ထားလိုပါက ဇန်နဝါရီ ၁၃ရက် (တနင်္လာနေ့) နောက်ဆုံးထား၍ ဒုတိယဗိုလ်မှူးကြီး ခင်အေး(ငြိမ်း) ဖုန်း-၀၉-၅၂၀၁၇၈၈၊ ဦးကျော်လင်း ဖုန်း-၇၃၀-၀၁၉၈၈၊ ဦးသန်းငွေအုန်း ဖုန်း-၅၆၃၀၄၄၊ ဦးတင်ထွန်း ဖုန်း-၃၈၀၈၃၆၊ ဦးမျိုးလွင် ဖုန်း-၀၉-၅၁၆၉၈၀၈၊ ဒေါ်ခင်ခင်ဖြူ ဖုန်း-၅၄၃၄၁၅နှင့် ဒေါ်ခင်လှမြိုင် ဖုန်း-၀၉-၅၀၃၉၂၅၅ တို့ထံသို့ လျှောက်ထားနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

News Watch သတင်းဂျာနယ် ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂

၂၀၁၀ခုနှစ်၏ မြန်မာ့ထူးခြားချက် ထင်ရှားဖြစ်စဉ်များ၊ ၂၀၁၀၏ ကမ္ဘာ့ထူးခြား ထင်ရှားဖြစ်စဉ်များ၊ ၂၀၀၀-၂၀၁၀ အအောင်မြင် အကျော်ကြားဆုံး ကမ္ဘာ့အနုပညာရှင်များ စသည့် နှစ်ချုပ်ဖြစ်စဉ်များ၊ အင်တာနက်အသုံးပြုနိုင်သောဖုန်း ဇန်နဝါရီ ၈ရက်တွင် စတင်ရောင်းချမည်၊ ဧရာဝတီတိုင်းဒေသကြီး၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ မြေအသစ်များ ပေါ်ထွက်လာဖွယ်ရှိ၊ မြန်မာနိုင်ငံထွက် ပြောင်းများ ဝယ်ယူရန် ကိုရီးယားကမ်းလှမ်း၊ ဆီးပန်းသီးနှင့် သခွားမွေးများ စင်ကာပူသို့ စမ်းသပ်တင်ပို့၊ တရားမဝင် ဝင်ရောက်လာသော ကွမ်းပေါင်းထုပ် (Shikhar) စားမိ၍ လူငယ်နှစ်ဦး သေဆုံး၊ နန်းမြို့အနောက် စည်ရှင်တံတားဟောင်းဖျက်ပြီး ကျုံးရှုခင်းသာယာလှပရေး ဆောင်ရွက်၊ EU သို့ မြန်မာ့ရေထွက်ကုန် တရားဝင်တင်ပို့ခွင့် စက်ရုံငါးရုံ ထပ်မံရရှိ၊ ဇန်နဝါရီလအတွင်း ပုဂ္ဂလိကဘဏ်ခွဲ သုံးခု ဖွင့်လှစ်မည်၊ ကန်ဒေါ်လာ ၄၂သန်း တန်ဖိုးရှိသော သောင်တူးရေယာဉ်နှင့် အထောက်အကူပြု ယာဉ်များဝယ်ယူ၊ မြန်မာကျပ်ငွေဖြင့် အင်တာနက်မှ ဖုန်းခေါ်ဆိုမှုကျဆင်း၊ မန္တလေးမြို့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် ဘီးလိမ့်ခွန်များ ပေးသွင်းရန်ကြော်ငြာ၊ အီရန်ချူကလီးယားဗုံးရရှိရန် အချိန်သုံးနှစ်လိုသေးကြောင်း အစ္စရေးပြောကြား၊ သမ္မတအိုဘားမား ဆီးနိတ်လွှတ်တော်ကို ကျော်လွှန်၍ သံအမတ်ကြီးများ ခန့်အပ်၊ ပြည်တွင်းစစ်ဖြစ်ဖို့ ဦးတည်နေသည့် အိုင်ဗရီကို့စ်၊ ဆူဒန်သမ္မတဘရှားက သဘောတူညီချက် တစ်ရပ်မရလျှင် ဒါဖာငြိမ်းချမ်းရေး ဆွေးနွေးပွဲ ရပ်ဆိုင်းမည်ဟု ပြောကြား၊ ရာထူးမှ ထွက်ခွာတော့မည့် သမ္မတလူလာ ဘရာဇီးလ် ပြည်သူလူထုအား နှုတ်ခွန်းဆက်စကားပြောကြားနှင့် ပြည်တွင်းပြည်ပသတင်း၊ ဆောင်းပါးများဖြင့် News Watch(စောင့်ကြည့်) ဂျာနယ် ထွက်နေပြီ ဖြစ်သည်။ **(သတင်းစဉ်)**

မီးဘေးလုံခြုံရေး ဆီဆိုင်၌ ဆောင်ရွက်

ဆီဆိုင် ဇန်နဝါရီ ၂

ဆီဆိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ဆိုက်ခေါင်ကျေးလက်ဈေးအတွင်း မီးဘေးလုံခြုံရေးအတွက် မီးသတ်ရေစုပ်စက်များ၊ မီးသတ်ဆေးဘူးများထားသိုမှုကို အမှုဆောင်အရာရှိ ဦးသိန်းမင်း ဒီဇင်ဘာ ၁၂ရက်က ကွင်းဆင်းစစ်ဆေးရာ ဈေးတာဝန်ခံက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

သံဖြူဇရပ်မြို့၌ မိုးစပါးစံကွက်ရိတ်သိမ်း

သံဖြူဇရပ် ဇန်နဝါရီ ၂

သံဖြူဇရပ်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၅ရက်က တောင်ပလုကျေးရွာအုပ်စု ကွင်းအမှတ် (၉၁၈/၈)၊ ဦးပိုင်အမှတ် (၁၃က/၃၁) တောင်သူ ဦးသန်းဦး၏ လယ်မြေ၌ကျင်းပရာ သံဖြူဇရပ်မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်၊ အတွင်းရေးမှူး ဦးစိုးလှအောင်၊ မြို့နယ်မြေစာရင်းဦးစီးအရာရှိ ဦးမြင့်ထွန်းနှင့် မြေစာရင်းဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးဇော်ဝင်းနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။ **(အောက်ပုံ)**

ထွက်ရှိ

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် မနောသုခစပါးမျိုး တစ်ဧကလျှင် ၇၅ ဒသမ ၁၇ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြေယာရှင်းလင်းအလှ ဆောင်ရွက်

ဧရာဝတီတိုင်း ဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ မြို့သာယာလှပရေး စစ်ဆေးမှုအဖွဲ့ နိုဝင်ဘာ ၂၇ရက်က ကြံခင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးရှေ့ တာကြီးတန်းလမ်းဘေး မြေယာရှင်းလင်းအလှ ဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကတ္တရာ ထပ်ပိုးလွှာခင်း

တောင်ငူ ဇန်နဝါရီ ၂

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် တောင်ငူတက္ကသိုလ်လမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို လက်ထောက်အင်ဂျင်နီယာ ဦးဇော်မြင့်နှင့်အဖွဲ့ ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁၅ရက်က အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနား မကွေးမြို့၌ ကျင်းပ

မကွေး ဇန်နဝါရီ ၂

မကွေးတိုင်းဒေသကြီး ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဒီဇင်ဘာ ၇ရက် နံနက် ၉နာရီက မကွေးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရှေးဦးစွာ မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေက အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းဒေသကြီး(ခုခံကျ/ကာလသား)ဆရာဝန်ကြီး ဒေါက်တာ ဒေါ်မိုမိုစိမ်းက မြန်မာနိုင်ငံနှင့်မကွေးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးလုပ်ငန်း ဆောင်ရွက်ချက်များကိုလည်းကောင်း၊ (HIV) ပိုးကူးစက်ခံထားရသည့် ဝေဒနာရှင်တစ်ဦးမှ (HIV)ပိုးရှိဘဝဖြင့် ရင်ဆိုင်ဖြတ်သန်းခဲ့ရပုံများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

၄င်းနောက် ၂၀၁၀ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံ ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂

ပျဉ်းမနား စိုက်ပျိုးရေးသိပ္ပံ ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၄ရက် (လွတ်လပ်ရေးနေ့) နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် မြေပဒေသာကျွန်း(ကန်တော်ကြီး)ရှိ စိုက်ပျိုးရေးပြတိုက်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးသောင်းထွန်း ဖုန်း-၀၉-၅၁၄၅၀၂၂၊ ဦးစက်ရေး ဖုန်း-၀၉-၅၀၀၀၄၈၇၊ ဦးသန်းအေး ဖုန်း- ၀၉-၅၄၁၄၄၃၄၊ ၀၁-၅၅၅၈၆၀၊ ဦးရဲဝင်း ဖုန်း-၀၉-၅၀၁၇၅၇၈၊ ၀၁-၆၃၈၀၃၅၊ ဦးရဲမြင့်အောင် ဖုန်း-၀၉-၅၁၅၈၇၉၅ နှင့်ဦးစန်းဝင်း ဖုန်း- ၀၆၇-၂၅၁၂၇ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြု ကတ္တရာလမ်းသစ်များဖွင့်

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက် ရွှေတိဂုံဘုရား လမ်းသွယ်(၂) ရှမ်းရိုးမလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၃၁ ရက်က ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်စိုး၊ ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်း၊ တာချီလိတ်ခရိုင်ဥက္ကဋ္ဌ ဦးသက်လွင်တို့ လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၀၁၆)

(၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပေါင်မြို့ ကဒါရပ်ကွက် သမိန်ဗရမ်းလမ်း ကတ္တရာထပ်ပိုးလွှာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၆ရက်က ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး စိုးဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်လှတို့ လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သန်လျင်မြို့နယ် မြို့ပြလမ်း ၁၀လမ်းရှိသည့်အနက် အထက(၂) ကျောင်းလမ်း ကတ္တရာထပ်ပိုးလွှာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၉ရက်က အဆိုပါလမ်းထိပ်မုခ်ဦးရှေ့၌ကျင်းပရာ စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယအင်ဂျင်နီယာချုပ် ဦးကျော်စိုးနှင့် ခရိုင်ဥက္ကဋ္ဌ ဦးစိုင်းသော်ဝင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေးမြို့ ရန်ကြီးအောင်ရပ်ကွက် ရှင်စောပုလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၄ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းနိုင်ဝင်းနှင့် အမှုဆောင်အရာရှိ ဦးအောင်ထွဋ်တို့ ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

နိုဝင်ဘာ ၈ရက်က သံတွဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် ပျိုးဥယျာဉ်တွင် အရိပ်ရပန်းအလှပင်များ ပျိုးထောင်ထားရှိမှုကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင်တို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဖလားဝါးနယူးစ်ဂျာနယ်ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၇)၊ အမှတ်(၁)နှစ်သစ်ကူးနှစ်ပတ်လည် အထူးထုတ်တွင် ဆရာဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)၏ ကျေးဇူးစကား၊ ၂၀၁၁တွင် မြန်မာ့နိုင်ငံရေးမြင်ကွင်းသစ် ဘယ်လိုမြင်တွေ့ရမလဲ၊ ၂၀၁၁ မြန်မာ့စီးပွားရေးအသွင်အပြင်သစ်၊ ၂၀၁၁တွင် တွေ့မြင်ရမည့် နိုင်ငံတကာမြင်ကွင်းသစ်ကို လှမ်းမျှော်ကြည့်ခြင်း၊ ၂၀၁၁ ကမ္ဘာ့စိန်ခေါ်ချက်များအပါအဝင် ဒီနှစ်အကယ်ဒမီ ဘယ်သူရမလဲ၊ ရွှေ၊ အိမ်ခြံမြေ၊ အီလက်ထရွန်နစ်၊ ခရီးသွား၊ အလုပ်အကိုင်၊ ပြည်ပကျောင်းများ စသည့် ၂၀၁၁အထူးသုံးသပ်ချက်ဆောင်းပါးများ၊ မြန်မာသံတမန်နှင့် အထူးပတ်စ်ပို့ကိုင်သူများကို ကိုရီးယားက ဗီဇာကင်းလွတ်ခွင့်ပေးပြီ၊ ရွှေတိဂုံသို့ ပြည်ပဧည့်ဝင်မှုစံချိန်ချိုး၊ ယာဉ်တိုက်မှု ယမန်နှစ်ထက်လျော့ကျ၊ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြုဆောင်းပါးများ၊ ပြည်တွင်းသတင်းဦး သတင်းထူးများနှင့် ပြည်တွင်းနိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးအထူးသုံးသပ်ချက်သတင်းဆောင်းပါးများ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ဝီကီလိခ်က အနှောင့်အယှက်ပေးတယ် ဒါပေမယ့် ခြိမ်းခြောက်တာတော့မဟုတ်ဘူး ဂျာမနီပြည်ထဲရေးဝန်ကြီး သောမတ်စ်ဒီမေဇီရီနှင့် စပီဂျဲလ်မဂ္ဂဇင်းတို့ တွေ့ဆုံခြင်း၊ ပေကျင်းတွင် ကားစီးရေကန့်သတ်မှုစနစ် စတင်အကောင်အထည်ဖော်၊ မွမ်ဘိုင်းတွင် အကြမ်းဖက်ဝါဒီလေးဦးက တိုက်ခိုက်ရန်ကြံစည်၊ လန်ဒန်မြို့၏အထင်ကရနေရာများတွင် ဗုံးခွဲတိုက်ခိုက်ရန် ပစ်မှတ်ထားနေသည့် အကြမ်းဖက်အဖွဲ့ဝင်ကိုးဦးအား ဖမ်းဆီးထိန်းသိမ်း၊ ကျောက်ကပ်လူနာများအား ကိုလက်စထရောချပေးခြင်းဖြင့် ဘေးဥပဒ်များကို ကင်းဝေးစေနိုင်၊ မူးယစ်ဆေးဝါးသားကောင် ဆရာဝန်တစ်ဦးက အမျိုးသမီးတစ်ဦး သေဆုံးသည်ကိုထိုင်ကြည့်နေ၍ ဖမ်းဆီးထိန်းသိမ်းခံရ၊ ထိုင်းလူမျိုးတို့ အကျိုးခံစားခွင့်တစ်ပုံတစ်ပင်ရရှိလာဖွယ်၊ ကမ္ဘာ့အသက်အငယ်ဆုံး ယောဂကျင့်စဉ် ဆရာမ၊ မျက်မမြင်ဖမ်းတဲ့ ငါး မယုံနိုင်စရာပါလား စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

ရိုးဂွကျေးရွာ အလက မြတ်ဆရာ ပူဇော်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ရိုးဂွကျေးရွာ အလကကျောင်းခန်းမ၌ ဒီဇင်ဘာ၂၆ရက်က (၁၀)ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကျင်းပရာ ကန်တော့ခံဆရာ ဆရာမကြီးများအား မြတ်ဆရာပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့မှ ဦးစန်းယုအောင်၊ ဦးသူရဇော်၊ ဦးစိန်မြင့်၊ ဦးသန်းဝင်းအောင်၊ ဦးကျော်ကြီး၊ ဦးရဲဝင်းနိုင်၊ ဉာဏ်မင်းထွန်းနှင့် ကျောင်းသား ကျောင်းသူဟောင်းများက လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီး **(အောက်ပုံ)** နောက် ကန်တော့ခံ အငြိမ်းစားကျောင်းအုပ် ဆရာကြီး ဦးသိန်းရီက ဆုပေးဩဝါဒစကားပြောကြားခဲ့ကြောင်း သိရှိရသည်။ **(၁၈၃)**

မကွေး၌ စက်ရေတွင်းတူးဖော်

မကွေး ဇန်နဝါရီ ၂

မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကြို့ပင်အင်းကျေးရွာ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ခြင်းကို ဒီဇင်ဘာ ၁၅ရက်က အမှုဆောင်အရာရှိ ဦးသက်ထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂)ဦးကျော်ဇေလတ်က ရှင်းလင်းတင်ပြခဲ့သည်။

(မြို့နယ်စည်ပင်)

စာပေဟောပြောပွဲကျင်းပ

ငါးသိုင်းချောင်း ဇန်နဝါရီ ၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ အထက်တန်းကျောင်း(၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲအထိမ်းအမှတ် စာပေဟောပြောပွဲကို ဒီဇင်ဘာ ၂၄ရက်က အမျိုးသားခန်းမ၌ကျင်းပရာ ရှေးဦးစွာ စာပေဟောပြောပွဲဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးတင့်လွင်က စာပေဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီးနောက် စာရေးဆရာ ညွှန့်ဟံ(ကြူတော)၊ စာရေးဆရာ အကြည်တော်နှင့် စာဆိုတေးရှင် ဂီတာဖေဝင်းတို့က စာပေရေးရာများ ဟောပြောကြကာ ကျောင်းသားဟောင်း သိန်းဇော်(ရွှေလီဦး)က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။ (၂၀၄)

(၆၃) နှစ်မြောက် လွတ်လပ်ရေးနေ့ ကြိုဆိုဂုဏ်ပြု

(၆၃) နှစ်မြောက် လွတ်လပ်ရေးနေ့ ကြိုဆိုဂုဏ်ပြု

(၆၃) နှစ်မြောက် လွတ်လပ်ရေးနေ့ ကြိုဆိုဂုဏ်ပြု

* ***ရှေ့ဖုံးမှ***

လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ရာ၌ နိုင်ငံသားတိုင်း အခြေခံပညာ၊ အဆင့်မြင့်ပညာများကို အဆင့်လိုက် သင်ယူတတ်မြောက်စေရေးသည် အဓိကလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သကဲ့သို့ နိုင်ငံသားအားလုံး ကျန်းမာကြံ့ခိုင်ရေးသည်လည်း ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်ပင် ဖြစ်သည်။ ထို့ကြောင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဟူသည့် ဦးတည်ချက်များကို ချမှတ်လျက် အဘက်ဘက်မှ မြှင့်တင်ဖော်ဆောင်ပေးလျက်ရှိရာ အခြေခံပညာကျောင်းများ၊ အဆင့်မြင့်ပညာ တက္ကသိုလ် ကောလိပ်များ၊ သိပ္ပံနှင့်နည်းပညာ တက္ကသိုလ် ကောလိပ်များ စသည်ဖြင့် ပညာရေးအခြေခံအဆောက်အအုံများ တစ်ဟုန်ထိုး တိုးတက်မြင့်မားလာသကဲ့သို့ အထူးကုဆေးရုံကြီးများ၊ တိုက်နယ်/မြို့နယ်/ခရိုင်/တိုင်းဒေသကြီး/ ပြည်နယ်

၁၉၈၈ ခုနှစ် နောက်ပိုင်း နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်လာသော ပညာရေးကဏ္ဍ

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၁၀	တိုးတက်မှု
၁	**အခြေခံပညာကျောင်း**	၃၃၇၄၇	၄၀၈၇၆	၇၁၂၉
၂	**ဆရာအတတ်သင်ပညာရေး**			
	- ပညာရေးကောလိပ်	-	၂၀	၂၀
၃	**အဆင့်မြင့်ပညာ**			
	- တက္ကသိုလ်/ကောလိပ်/ ဒီဂရီကောလိပ်	၂၇	၆၄	၃၇
	- လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဌာန	-	၄၄	၄၄
၄	**သိပ္ပံနှင့်နည်းပညာ**			
	- နည်းပညာတက္ကသိုလ်	၁	၃၀	၂၉
	- နည်းပညာကောလိပ်	-	၄	၄
	- ကွန်ပျူတာတက္ကသိုလ်	၁	၂၆	၂၅
	- မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်	-	၁	၁
	- နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)	-	၁	၁
၅	**မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်**	-	၁	၁
၆	**အခြားဝန်ကြီးဌာနများရှိ တက္ကသိုလ်/ ကောလိပ်**	၁	၂၂	၂၁

၁၉၈၈ ခုနှစ်မှ ယနေ့အထိ ဖွံ့ဖြိုးတိုးတက်လာသော ကျန်းမာရေးကဏ္ဍ

စဉ်	ဆေးရုံ	ရေတွက်ပုံ	၁၉၈၈	၂၀၁၀	တိုးတက်မှု
၁	အထူးကုဆေးရုံ	ရုံ	၁၅	၂၃	၈
၂	သင်ကြားရေးနှင့် အထွေထွေရောဂါ	ရုံ	၄	၆	၂
၃	ခုတင် (၁၀၀၀)	ရုံ	-	၁	၁
၄	ခုတင် (၃၀၀)	ရုံ	၁	၅	၄
၅	ခုတင် (၂၀၀)	ရုံ	၈	၃၁	၂၃
၆	ခုတင် (၁၅၀)	ရုံ	၁၂	၃	အဆင့်မြှင့်တင်
၇	ခုတင် (၁၀၀)	ရုံ	၂၈	၃၂	၄
၈	ခုတင် (၅၀)	ရုံ	၃၃	၆၁	၂၈
၉	ခုတင် (၂၅)	ရုံ	၄၉	၁၉၄	၁၄၅
၁၀	ခုတင် (၁၆)	ရုံ	၁၆၂	၁၀	အဆင့်မြှင့်တင်
၁၁	တိုက်နယ်ဆေးရုံ	ရုံ	၃၀၅	၅၀၅	၂၀၀
၁၂	အခြားဝန်ကြီးဌာနအောက်ရှိ ဆေးရုံ ကျန်းမာရေးလုပ်ငန်းများ/ဌာနများ	ရုံ	၁၄	၂၇	၁၃
၁၃	ကျေးလက်ကျန်းမာရေးဌာန	ခု	၁၃၃၇	၁၅၀၈	၁၇၁
၁၄	ဒေသန္တရ ကျန်းမာရေးဌာန	ခု	၆၄	၈၆	၂၂

အဆင့်ဆေးရုံများ၊ ဆေးတက္ကသိုလ်များအပါအဝင် ကျန်းမာရေးဆိုင်ရာ တက္ကသိုလ်/သင်တန်း ကျောင်းများ စသည့် ကျန်းမာရေးအခြေခံအဆောက်အအုံများလည်း ဒေသအနှံ့ ကွက်ပြည့်ဖြည့်ဆည်းဖွင့်လှစ် ဖော်ဆောင်ပေးနိုင်ခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။

ယနေ့ ပညာရေးနှင့်ကျန်းမာရေးကဏ္ဍ မြှင့်တင်ဖော်ဆောင်ပေးနိုင်မှုများကြောင့် အရွယ်ရောက်သူကလေးတိုင်း အခြေခံပညာသင်ကြားခွင့်ကို လွယ်လင့်တကူ ရရှိလာနိုင်ပြီး အဆင့်မြင့်ပညာသင်ကြားမှု၌လည်း မဟာဘွဲ့၊ ဒေါက်တာဘွဲ့များအထိ လက်လှမ်းတမီ သင်ယူလေ့လာပိုင်ဆိုင်နိုင်ကြပြီ ဖြစ်သကဲ့သို့ ကျန်းမာကြံ့ခိုင်မှုမြင့်မားပြီး မျှော်မှန်းနိုင်သော လူ့သက်တမ်းမှစ၍ အမျိုးသားကျန်းမာရေးဆိုင်ရာ အညွှန်းကိန်းများလည်း တစ်ဆင့်ပြီးတစ်ဆင့် မြင့်တက်လာခဲ့ပြီဖြစ်သည်။ ထို့ကြောင့် ကျန်းမာကြံ့ခိုင်ပြီး စွမ်းရည်မြင့်ထူးချွန်ထက်မြက်သော လူသားစွမ်းအားအရင်းအမြစ်များ၏ ကာယ၊ ဉာဏစွမ်းပကားများဖြင့် စက်မှုနှင့်နည်းပညာ မြင့်မားသော အနာဂတ်နိုင်ငံတော်သစ်ကို အောင်မြင်အောင် တည်ဆောက်ဖော်ဆောင်သွားကြရမည်သာဖြစ်ပေသည်။

စာမျက်နှာ ၇ သို့

လပွတ္တာမြို့ သုံးမိုင်မြို့ကွက်သစ်ရှိ ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကို တွေ့ရစဉ်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃-၁-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇:၅၅ ၅။ သံသာချိုအေး မင်္ဂလာတေး
၈:၀၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၂၅ ၈။ **သတိတစ်ချက်၊ တစ်သက် အမှား**
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အကပဒေသာ
၄:၂၀ ၃။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၄:၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၅၅ ၆။ မြန်မာစာ၊ မြန်မာစကား
၅:၁၅ ၇။ (၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၅:၃၀ ၈။ **မြန်မာတေးသံရှင်ရွေးချယ်ပွဲ**
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၁။ [(၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်] မူပာန်သွယ်သွယ်ဆိုကြမယ်
၆:၃၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှင်းပွင့်သစ္စာ** (အပိုင်း-၂၁)
၇:၃၀ ၁၃။ သမိုင်းမော်ကွန်းထွန်းသစ် ဝေစည်မြန်မာပြည် (ရေကန် အသင့်၊ ကြာနဲ့တင့် ဒီမိုကရေစီ နိုင်ငံတော်သစ်)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **ကမ္ဘာကျော် သရုပ်ဆောင်များ** (အပိုင်း-၅)
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေး နောက်ဆုံးချစ်ပုံပြင်** (ပထမပိုင်း) (အပိုင်း-၂၀)
၁၉။ အစီအစဉ်ပြီး၏။

(၆၃) နှစ်မြောက် လွတ်လပ်ရေးနေ့ ကြိုဆိုဂုဏ်ပြု

(၆၃) နှစ်မြောက် လွတ်လပ်ရေးနေ့ ကြိုဆိုဂုဏ်ပြု

(၆၃) နှစ်မြောက် လွတ်လပ်ရေးနေ့ ကြိုဆိုဂုဏ်ပြု

ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ခုတင်(၂၀၀)ဆံ့ သင်ကြားရေး ဆေးရုံ(မကွေး)။

၁၉၈၈ ခုနှစ်မှ ယနေ့အထိ တိုးတက်ဖြစ်ထွန်းလာသော ဆေးတက္ကသိုလ်နှင့် သင်တန်းကျောင်းများ

စဉ်	အမျိုးအမည်	ရေတွက်ပုံ	၁၉၈၈	၂၀၁၀	တိုးတက်မှု
၁	ဆေးတက္ကသိုလ်	ခု	၃	၄	၁
၂	သွားဘက်ဆိုင်ရာတက္ကသိုလ်	ခု	၁	၂	၁
၃	သူနာပြုတက္ကသိုလ်	ခု	-	၂	၂
၄	ဆေးဝါးတက္ကသိုလ်	ခု	-	၂	၂
၅	ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်	ခု	-	၂	၂
၆	ပြည်သူ့ကျန်းမာရေးတက္ကသိုလ်	ခု	-	၁	၁
၇	အခြေခံကျန်းမာရေးတက္ကသိုလ်	ခု	-	၁	၁
၈	တိုင်းရင်းဆေးတက္ကသိုလ်	ခု	-	၁	၁
၉	သူနာပြုသင်တန်းကျောင်း	ကျောင်း	၆	၂၃	၁၇
၁၀	သားဖွားသင်တန်းကျောင်း	ကျောင်း	၁၆	၂၀	၄
၁၁	သူနာပြု/သားဖွား နီးနွယ်သင်တန်းကျောင်း	ကျောင်း	၃	၃	အဆင့်မြှင့်တင်

လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြင်းစီးပြိုင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၁ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြင်းစီးအားကစားပြိုင်ပွဲကို ယနေ့နံနက် ၈နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ရန်ကုန်မြင်းစီး အသင်း (National Sports Comples, Pyidaungsu Road, Nort Dagon Township -Yangon)၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အာဆီယံ မြင်းစီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးငြိမ်းကျော်က ပြိုင်ပွဲဝင်များအား ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ ပထမနေ့ သတ်မှတ်ထားသည့် ပွဲစဉ်များအနက် Show Jumping(Team) ဖိုလ်လုပွဲကိုကျင်းပပြီး ဒုန်းအငယ်တန်းပြိုင်ပွဲနှင့် ဒုန်းအကြီးတန်းပြိုင်ပွဲများ၏ လူရွေးပွဲများကို ကျင်းပသည်။ ဇန်နဝါရီ ၄ရက် နံနက် ၈နာရီတွင် ကျန်ရှိသည့်ပြိုင်ပွဲ ပွဲစဉ်များနှင့် ဖိုလ်လုပွဲများကို ဆက်လက်ကျင်းပ မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

ကျိုက္ခမီအသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂ရက်က သရက်တောကျောင်းဝင်းတွင်းရှိ ကျိုက္ခမီကျောင်းတွင် ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးအောင်ထွန်းနှင့် အမှုဆောင်များ၊ သက်ကြီးဘိုးဘွားများ၊ ပညာရည်ချွန်ဆုရသူများ၊ ဧည့်သည်တော်များ တက်ရောက်ကြသည်။

အဆိုပါပွဲတွင် ပညာရေးအလှူရှင် ဒေါ်ခင်ကြွယ်(ကုဋေကြွယ်-အထည်ဆိုင်)က ငွေပဒေသာပင် ကျပ် ၇၈သိန်း စိုက်ထူလှူဒါန်းခဲ့ရာ အလှူရှင်က မိမိ၏ငွေဖြင့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၃၀အတွက် တစ်ဘာသာလျှင် ကျပ် ၂၀၀၀၀နှုန်းဖြင့် အလှူငွေ ခြောက်သိန်း ထပ်မံချီးမြှင့်ခဲ့ကြောင်းသိရသည်။

(အပေါ်ပုံ) (မြန်မာ့အလင်း)

မြောက်ပိုင်းစွန်းဒေသများ၌ ကွက်ကျားမိုးဆက်လက်ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၂

ယနေ့နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဇန်နဝါရီ ၃ရက်ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ မြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ဆက်လက်ရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

စာဆိုတော်နေ့ဟောပြော

နမ့်ဆန် ဇန်နဝါရီ ၂

၁၃၇၂ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲ အခမ်းအနားကို ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ်ခန်းမတွင် ဒီဇင်ဘာ ၁၇ရက် ညနေ ၆နာရီကကျင်းပရာ စာပေဟောပြောပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ နမ့်ဆန်မြို့နယ် ပြည်သူ့ဆေးရုံ ဆရာဝန်ကြီး ဒေါက်တာသောင်းဒန်ဦးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကာတွန်းဆရာအော်ပီကျယ်၊ စာရေးဆရာမ နုနုရည်(အင်းဝ) နှင့် ဒေါက်တာထွန်းလွင်(မိုးလေဝသ) တို့က စာပေရေးရာများကို ဟောပြောကြကြောင်း သိရသည်။

(၂၁၅)

မြဝတီရုပ်မြင်သံကြား

၃-၁-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၂၀ ၅။ ခမ္ဘပူဇာတေး
၇:၂၅ ၆။ မျိုးချစ်တပ်မတော်
၇:၃၀ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၄ ၃။ နိုင်ငံတော်သီချင်း
၄:၀၅ ၄။ အဖွင့်သီချင်း
၄:၁၀ ၅။ အမျိုးသားရေးတေးကဗျာ
၄:၁၅ ၆။ စိုက်ပျိုးသုတ
၄:၂၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၈။ မျိုးချစ်တပ်မတော်
၄:၄၀ ၉။ လျှပ်တစ်ပြက်
၅:၂၀ ၁၀။ စုံညီပွဲတော်တို့နွဲပျော်တို့များစုံညီပွဲတော်ဆီ
၅:၂၅ ၁၁။ မီးသတိပြု
၅:၃၀ ၁၂။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၄၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သက်တော်စောင့်** (အပိုင်း-၃)
၆:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၅။ အမျိုးသားရေးတေးကဗျာ
၆:၄၀ ၁၆။ သံစဉ်လမ်းက လင်းလက်ကြယ်
၇:၀၀ ၁၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ဖြူစင်သောအားမာန်** (အပိုင်း-၂၄)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ Talk of the Town
၂၃။ မေးမြန်းစူးစမ်း
၂၄။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိုင်းသမားခုနစ်ဖော်** (အပိုင်း-၃၂)
၂၇။ Miniseries

မြန်မာအိုးပင်းစစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

နာယက ဦးကျော်သန်း အမှတ်တရနှင့် ၂၀၁၀ခုနှစ် မြန်မာအိုးပင်းစစ်တုရင်ပြိုင်ပွဲဆုပေးပွဲကို ဒီဇင်ဘာ ၃၁ရက် ညနေပိုင်းက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း(မိုးလုံ/လေလုံ)အားကစားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ပထမ ညီညီလွင်(လယ်ယာ/ ဆည်မြောင်း)၊ ဒုတိယ မြင့်ဟန်(ပို့ဆောင်ရေး)နှင့် တတိယ သန်းထိုက်စိုး(လယ်ယာ/ဆည်မြောင်း) တို့အား ဆုတံဆိပ်နှင့်ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပထမဆုရရှိသူ ညီညီလွင်(လယ်ယာ/ဆည်မြောင်း)အား နာယက ဦးကျော်သန်း အမှတ်တရနှင့် မြန်မာအိုးပင်းစစ်တုရင်ဆုကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(စစ်တုရင်အဖွဲ့ချုပ်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

လွတ်လပ်ရေးအလှပန်း ထာဝရလန်းစွင့်ဝေဆာနိုင်ပါစေ

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအတွက် လက်ဝယ်ပိုင်ပိုင်ရှိစဉ်က အရေးတယူ တန်ဖိုးထားဖို့ မေ့လျော့နေတတ်ကြပြီး လက်လွတ်ဆုံးရှုံးရချိန်ကျမှ တန်ဖိုးအနန္တထိုက်မှန်းသိရှိကာ ဝမ်းနည်းကြေကွဲမဆုံး၊ နောင်တရမဆုံး ဖြစ်ကြရသည့် အရေးအကြီးဆုံးအရာမှာ အချုပ်အခြာအာဏာပိုင်ဆိုင်မှု(ဝါ) နိုင်ငံလွတ်လပ်ရေးပင်ဖြစ်သည်။ ပိုင်ဆိုင်ထားစဉ်တုန်းက တန်ဖိုးထားကာကွယ်စောင့်ရှောက်ရကောင်းမှန်းမသိ၊ အလေးအနက်မရှိဘဲ ပေါ့ပေါ့တန်တန်ပင် သဘောထားတတ်ကြသည်။ သို့သော် တကယ့်တကယ် လက်လွတ်ဆုံးရှုံးခံလိုက်ရချိန်တွင်မှ ရွှေတောင်ကြီး ပြိုလဲသွားသည့်ပမာ၊ လောကအလုံး အမှောင်တိုက်ကြီးဖုံးလွှမ်းသွားသည့်ပမာ၊ မိုးကောင်းကင်ကြီးတစ်ခုလုံး ပြိုကျလာသည့်ပမာ ဆောက်တည်ရာမဲ့ အပြိုပြိုအလဲလဲဖြင့် ဒုက္ခပင်လယ်ဝေကြရသည့်အရာမှာ "လွတ်လပ်ရေး"ပင်ဖြစ်သည်။

နှစ်ပေါင်း ၁၀၀ကျော် ရှန်းကန်ကြိုးပမ်း လွတ်လမ်းရှာခဲ့ကြရသည်။ နောက်ဆုံးတွင် ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့၌ နိုင်ငံလွတ်လပ်ရေးကို ပြန်လည်ရယူပိုင်ဆိုင်နိုင်ခဲ့ကြသည်။ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကား ရှည်လျားလှပါဘိ။ အရင်းအနှီးကြီးမားလှပါဘိ။ ယခုလည်း ဇန်နဝါရီ ဆောင်းနှင်းပွင့်များနှင့်အတူ လွတ်လပ်ရေးနေ့ ရောက်ပြန်ပေတော့မည်။ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဖြတ်သန်းရပေဦးတော့မည်။

ယခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကား ယခင့်ယခင်နှစ်များကထက် ပိုပြီးထူးခြားလေးနက်မှုရှိသည်ဟု ဆိုနိုင်သည်။ လတ်တလောကာလ၌ပင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။ မကြာမီအတွင်းမှာပင် ရွေးကောက်ခံပြည်သူ့ကိုယ်စားလှယ်များပါဝင်သည့် လွှတ်တော်များပေါ်ပေါက်လာတော့မည်။ အစိုးရအဖွဲ့သစ်နှင့်အတူ ဒီမိုကရေစီနည်းလမ်းတကျ ကျင့်သုံးဆုံးဖြတ် အကောင်အထည်ဖော်နိုင်တော့မည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ထောင်ဖွင့်လှစ်နိုင်ကြတော့မည်။ ထိုကဲ့သို့ နိုင်ငံနှင့်ပြည်သူ၏ အနာဂတ်အတွက် အရေးပါလှသည့် ကဏ္ဍအသစ် စတင်ဖွင့်လှစ်ချိန်၌ ကျင်းပသည့် ယခုနှစ်လွတ်လပ်ရေးနေ့သည်ကား ထူးခြားလေးနက်ပြီး အနှစ်သာရပြည့်ဝကာ မင်္ဂလာအပေါင်းခသြောင်းနေသည်မှာ အမှန်ပင်။

ထို့ကြောင့်လည်း ကျွန်တော်တို့ပြည်သူများအနေဖြင့် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်များနှင့်အညီ ကြိုးပမ်းမြှင့်တင်စွမ်းဆောင်ရင်း ထူးခြားလေးနက်မှုရှိလှသည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုကြရပေမည်။ လွတ်လပ်ရေးကို အရယူခဲ့သည်မှာ ကျွန်တော်တို့မြန်မာပြည်သူများဖြစ်သကဲ့သို့ ယနေ့ (၆၃)နှစ်မြောက်သည်အထိ ထိန်းသိမ်းစောင့်ရှောက်လာကြသူများမှာလည်း မြန်မာပြည်သူများပင် ဖြစ်သည်။ အလားတူ လွတ်လပ်ရေးကို နောင်နှစ်ပေါင်းရာထောင်ချီ၍ ကမ္ဘာတည်သမျှ အစွန့်ရှည် တည်တံ့ခိုင်မြဲစည်ပင်အောင် ဆက်လက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရမည့် သူများမှာလည်း မြန်မာပြည်သူများမှလွဲ၍ အခြားမရှိနိုင်ပါချေ။

ထို့ကြောင့် နိုင်ငံတော်လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်းကာကွယ်စောင့်ရှောက်သွားကြရပါမည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံးက တညီတညွတ်တည်း စုစည်းထိန်းသိမ်း ကာကွယ်ကြရပါမည်။

ပြည်ထောင်စုဖွားတိုင်းရင်းသားတို့သည် အမျိုးဘာသာ သာသနာကို ချစ်မြတ်နိုးပြီး ဇာတိမာန် ထက်သန်ကြသူများဖြစ်သည်။ ကိုယ့်ထူးကိုယ်ချွန်ရပ်တည်နိုင်စွမ်း ရှိကြသူများလည်းဖြစ်သည်။ ဆုံးရှုံးသွားခဲ့သော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို တိုင်းရင်းသားသွေးစည်းညီညွတ်မှုဖြင့် ပြန်လည်ရယူနိုင်ခဲ့သော သမိုင်းအစဉ်အလာကောင်းကို ပိုင်ဆိုင်ထားကြသူများလည်းဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက် ဖြစ်ပေါ်ခဲ့သော ဖြစ်စဉ်များအရ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေး(၃)ပါးကို သမိုင်းကပေးသော အမျိုးသားရေးတာဝန်အဖြစ် နှစ်နှစ်ကာကာ သက်ဝင်ယုံကြည်ကြသူများလည်း ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့သည် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ကာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် လက်တွဲညီညီ ကြိုးပမ်းအားထုတ်လျက်ရှိကြပေသည်။

ကျော်ရဲမင်း

တည်ဆဲအစိုးရအနေဖြင့် နိုင်ငံကို စတင်တာဝန်ယူချိန်ကစ၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဦးစားပေးလုပ်ငန်းစဉ်အဖြစ် သတ်မှတ်လျက် အလေးပေးဆောင်ရွက်ခဲ့သည်။ တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်ရန်အတွက် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိရေးနှင့် ထိုတိုင်းပြည်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများ စည်းလုံးညီညွတ်မှုရှိရေးမှာ မရှိမဖြစ် လိုအပ်ချက်ဖြစ်သည်ဟု အလေးအနက်ခံယူခဲ့သည်။ ထိုသို့ ခံယူသည့်အတိုင်း ယခင်ခေတ်အဆက်ဆက်နှင့် မတူသည့်မူဝါဒများ ပြောင်းလဲချမှတ်ပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးရရှိအောင် ကြိုးပမ်းဖော်ဆောင်ခဲ့သည်။ ယင်းသို့ ကြိုးပမ်းဖော်ဆောင်ခဲ့သည့်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး (၁၇)ဖွဲ့နှင့် အဖွဲ့ငယ်ပေါင်း(၂၀)ကျော်တို့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြပြီး ငြိမ်းချမ်းရေးရယူ တည်ဆောက်နိုင်ခဲ့ကြသည်။

ထို့ကြောင့် ၁၉၈၈ နောက်ပိုင်းကာလများတွင် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် တည်ငြိမ်အေးချမ်းမှုရရှိလာခဲ့သည်မှာ အမှန်ပင်။ ထိုသို့ တည်ငြိမ်အေးချမ်းမှုရရှိလာခဲ့သည့် ဒေသတိုင်းတွင် အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာအောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ အထူးဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခုစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သည်။ ထို့ကြောင့်လည်း အစွန်အဖျားနယ်စပ်ဒေသများအားလုံးသည် ယခုအခါ မြေပြန့်ဒေသနှင့်မခြား အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်စည်ပင်လာခဲ့ပြီး စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးအပါအဝင် လူမှုစီးပွားဘဝများပါ ဘယ်ခေတ်ဘယ်အခါနှင့်မျှမယှဉ်သာအောင် မြင့်မားလာခဲ့သည်မှာ လက်တွေ့မျက်မြင်ပင်။

အခြားတစ်ဖက်ကလည်း ပြည်သူ့ဆန္ဒကို အလေးထားပြီး ပြည်သူများ၏ လူမှုစီးပွားဘဝ ပြည့်စုံလုံခြုံမှုရရှိအောင်၊ တစ်နည်းအားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဘက်စုံထောင့်စုံက ကြိုးပမ်းဖော်ဆောင်ပေးခဲ့သည်။ နိုင်ငံတစ်နိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် စဉ်းစားပါက တစ်နိုင်ငံလုံးဆိုင်ရာ Infrastructure များ ခိုင်ခိုင်ခံ့ခံ့ ပြည့်ပြည့်စုံစုံမရှိပါဘဲနဲ့ မည်သို့မျှဖြစ်နိုင်မည်မဟုတ်။ အစကောင်းမှ အနှောင်းသေချာ ဆိုသကဲ့သို့ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှု အစကောင်းအောင် အခြေခံအုတ်မြစ်ဖြစ်သည့် Infrastructure များကို အတတ်နိုင်ဆုံး ကြိုးပမ်းဖြည့်ဆည်း တည်ဆောက်ပေးခဲ့သည်။ နောင်အနာဂတ်ဝယ် ပြည်သူတင်မြှောက်သည့် အစိုးရအဖွဲ့သစ်ပေါ်ပေါက်လာသည့်အခါ နိုင်ငံတော်သစ်ကို ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မပျက် ဆက်လက် တည်ဆောက်သွားနိုင်စေရန်ဟူသည့် စေတနာမွန်များဖြင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံကောင်းများကို ဇယ်ဆက်သလို မနားမနေ အသင့်လမ်းခင်းဆောင်ရွက်ပေးခဲ့ခြင်းပင် ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသစ်သည် ပြည်ထောင်စုလွှတ်တော် ပထမအကြိမ် အစည်းအဝေး စတင်ကျင်းပသည့်နေ့မှစ၍ နိုင်ငံတစ်ဝန်းလုံး၌ အာဏာတည်မည် ဖြစ်သည်။ ထိုသို့ အာဏာတည်သည့်အချိန်မှစပြီး မြန်မာပြည်သူတိုင်းသည် အခြေခံဥပဒေသစ်နှင့်အညီ ဒီမိုကရေစီအခွင့်အရေးများ၊ လူ့အခွင့်အရေးများ တိုးတက်ရရှိလာမည်ဖြစ်သည်။ ဤသည်မှာ အခြေခံဥပဒေသစ်ကြောင့် တိုးတက်ပြောင်းလဲ ဖြစ်ပေါ်လာမည့်အားလုံးနှင့် သက်ဆိုင်သည့် အဓိကအကျိုးဆက်ဖြစ်သည်။

ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ မေ့လျော့မှုကြောင့်ဖြစ်စေ၊ အားမတန်မာန်လျှော့၍ဖြစ်စေ ဆုံးရှုံးခဲ့ရချိန်က ဖျတ်ခနဲအချိန်တိုအတွင်း သူတစ်ပါးလက် အပါခံခဲ့ရသည်။ ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်ကို သူတစ်ပါးလက် ဝကွက်အပ်ပြီး သူတစ်ပါးလက်အောက်၌ ဒူးထောက်လည်စင်းပေးခဲ့ရသည်။ ဆုံးရှုံးမှု၊ ပြောင်းလဲမှုက မြန်ဆန်လွန်းလှသည်။ ပဉ္စလက်ပြကွက်တစ်ခုလိုပင် ကျွန်ဖြစ်ဖို့ သိပ်ကိုလွယ်လွန်းလှချေ၏။ သို့သော် အနီလွတ်လပ်ရေးကို ပြန်လည်ရယူ ပိုင်ဆိုင်နိုင်ဖို့ ကြိုးစားရသည်မှာကား အခက်တကာ့ အခက်ဆုံးဟုဆိုရလောက်အောင် အတားအဆီး အကွေ့အကောက်များလှသည်။ ကာလအကန့်အသတ်မရှိ၊ အချိန်းအဆို၊ ကတိကဝတ်မရှိ။ သူတစ်ပါးက အသာတကြည် ပြန်ပေးရိုးမရှိ။ လွတ်လပ်ရေးပြန်ရဖို့ ကြိုးပမ်းအားထုတ်မှုများသည် နှစ်ပေါင်းရာချီ၍လည်း ကြာနိုင်သည်။ လူ့သက်တမ်းသုံးလေးငါးဆက်ချီ၍လည်း ရင်းနှီးစွန့်လွှတ်စွန့်စားကြရနိုင်သည်။ လူ့အသက်ပေါင်း သိန်းသန်းချီ၍ စတေးရနိုင်သလို သွေးနှင့်မျက်ရည်ပင်လယ်ဝေသည်အထိလည်း ပေးဆပ်ကြရနိုင်သည်။ ဤသဘောသဘာဝကို မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းက လက်တွေ့သာဓကေ ပြခဲ့ပြီးဖြစ်သည်။ ကျွန်တော်တို့အားလုံး လက်တွေ့သိမြင် ခံစားနားလည်ခဲ့ကြပြီးဖြစ်သည်။

အားလုံးသိပြီးဖြစ်သည့်အတိုင်း မြန်မာနိုင်ငံ မြန်မာလူမျိုးတို့သည် နယ်ချဲ့အင်္ဂလိပ်တို့၏ ကျူးကျော်စစ်ခင်းမှုကို ရှုံးနိမ့်ခဲ့ရပြီး နှစ်ပေါင်း ၁၀၀ကျော် သူ့ကျွန်ဘဝရောက်ခဲ့ကြရသည်။ လွတ်လပ်ရေးအတွက် တိုင်းရင်းသားပြည်သူတို့၏ အသက်၊ သွေး၊ ချွေးမြောက်မြားစွာ ပေးဆပ်ရင်းနှီးပြီး

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅)ရပ်

- ❖ နိုင်ငံတော်၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။
- ❖ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်း ကာကွယ်ရေး။
- ❖ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းဆက်လက် ကြိုးပမ်းဆောင်ရွက်ရေး။
- ❖ နိုင်ငံတော်၌ ရရှိထားပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုနှင့်တရားဥပဒေစိုးမိုးမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှု အရှိန်အဟုန်ကို ပိုမိုခိုင်မာစေရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။
- ❖ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်ရာတွင် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ ခိုင်မြဲရေးသည် ပဓာနကျသဖြင့် ပြည်ထောင်စု ပြိုကွဲစေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ယိုယွင်းပျက်စီးစေရန် ဖျက်လိုဖျက်ဆီး ကြံစည်အားထုတ် လုပ်ဆောင်လာမှုမှန်သမျှကို တိုင်းရင်းသားအားလုံးက သတိကြီးစွာဖြင့် တားဆီးကာကွယ်ရေး။

နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဦးဆောင်သည့် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ လမ်းညွှန်ကြပ်မတ်မှုအောက်ဝယ် တစ်လ တံတားကြီးတစ်စင်း၊ တစ်နှစ်အတွင်း ဆည်တမံ(၁၂)ခုနှုန်းနှင့် စွမ်းအား အပြည့်သုံးပြီး တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် တစ်နိုင်ငံလုံး၌ ဆည်သစ်၊ တမံသစ်၊ လယ်သစ်၊ မြို့သစ်၊ လမ်းသစ်၊ တံတားသစ်၊ စက်ရုံသစ်များ လက်ညှိုးထိုးမလွဲ တိုးပွားလာခဲ့သည်ကို အထင်အရှားတွေ့နိုင်ပြီ ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ စွမ်းအင်၊ သိပ္ပံနှင့်နည်းပညာ စသည့် ကဏ္ဍအသီးသီး၏ဖွံ့ဖြိုးတိုးတက်မှုများက အံ့မခန်းလောက်စရာ ကိန်းဂဏန်းများအထိ တိုးတက်လာခဲ့ပြီး တကယ့်လက်တွေ့ ဖြစ်ထွန်းအောင်မြင် တိုးတက်မှုများကို ယနေ့ မြန်မာပြည်သူအားလုံး ခံစား စံစားနေကြရပြီ ဖြစ်သည်။

နိုင်ငံရေးတိုးတက်ပြောင်းလဲမှုအပိုင်းကို ကြည့်မည်ဆိုပါက အမျိုးသား ညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ခဲ့ပြီး တစ်ဆက်တည်းမှာပင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ပြည်သူ၏ တစ်ခဲနက်ထောက်ခံမှုနှင့်အတူ အောင်မြင်စွာ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သည်။ ဒီမိုကရေစီနိုင်ငံတော်သစ်ကို တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျ အသွင်ကူးပြောင်းဖော်ဆောင်နိုင်ရေးအတွက် ချမှတ်ခဲ့သည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ ဒီမိုကရေစီ ပန်းတိုင်ဆီသို့ တစ်ဆင့်ချင်း အောင်မြင်စွာ ကူးပြောင်းဖော်ဆောင်နိုင်ခဲ့သည်။ လတ်တလော ကာလအတွင်းမှာပင် ၂၀၁၀ရွေးကောက်ပွဲကြီးကို အောင်မြင်စွာ၊ တည်ငြိမ် အေးချမ်းစွာ၊ လွတ်လပ်ပြီးတရားမျှတစွာ ကျင်းပပေးနိုင်ခဲ့သည်။ ရွေးကောက် ပွဲကို မလိုသူများက အမျိုးမျိုးပုတ်ခတ် ထိုးနှက်ဆန့်ကျင်ခဲ့ကြသော်လည်း မြန်မာပြည်သူများသည် နိုင်ငံအတွက်၊ ပြည်သူအတွက်၊ အများအတွက် ကျရာ ကိုယ်စီတာဝန်ကို မငြင်းပယ်ဘဲ မိမိဆန္ဒကို လွတ်လပ်စွာ ထုတ်ဖော် မဲပေးခြင်းအားဖြင့် တာဝန်ယူမှုနှင့် တာဝန်ကျေပွန်မှုကို ပြသခဲ့ကြသည်။ မဲပေးပိုင်ခွင့်ရှိသူဦးရေ၏ ၇၇ရာခိုင်နှုန်းမဲပေးခဲ့ကြပြီး အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်သစ်အတွက် အခြေခံအုတ်မြစ်ခိုင်မာအောင် ဝိုင်းဝန်းဆန္ဒပြုရွေးချယ် တည်ဆောက်ပေးခဲ့ကြသည်။ ယခုအချိန်တွင် ရွေးကောက်ပွဲရလဒ်များ တရားဝင်ထုတ်ပြန်ကြေညာနိုင်ခဲ့ပြီး ဖြစ်သည့်အပြင် မကြာမီလွှတ်တော်များ ခေါ်ယူနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်နေကြပေပြီ။ ဤသည်မှာ တပ်မတော်အစိုးရအုပ်ချုပ်ရေးစနစ်မှသည် အခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီ နည်းလမ်းတကျ အုပ်ချုပ်မည့် ရွေးကောက်တင်မြှောက်ခံ အစိုးရအုပ်ချုပ်ရေး စနစ်ဆီသို့ အသွင်ကူးပြောင်းနေသည့်၊ အလွန်ပင် ထင်သာ မြင်သာဖြစ်သည့် တိုးတက်ပြောင်းလဲမှုတစ်ရပ်ပင် ဖြစ်သည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်သည် ပြည်ထောင်စုလွှတ်တော် ပထမအကြိမ် အစည်းအဝေး စတင်ကျင်းပသည့်နေ့မှစ၍ နိုင်ငံတစ်ဝန်းလုံး၌ အာဏာတည် မည်ဖြစ်သည်။ ထိုသို့ အာဏာတည်သည့်အချိန်မှစပြီး မြန်မာပြည်သူတိုင်းသည် အခြေခံဥပဒေသစ်နှင့်အညီ ဒီမိုကရေစီအခွင့်အရေးများ၊ လူ့အခွင့်အရေးများ တိုးတက်ရရှိလာမည်ဖြစ်သည်။ ဤသည်မှာ အခြေခံဥပဒေသစ်ကြောင့် တိုးတက်ပြောင်းလဲဖြစ်ပေါ်လာမည့် အားလုံးနှင့်သက်ဆိုင်သည့် အဓိက အကျိုးဆက်ဖြစ်သည်။ အလားတူ လက်ရှိတပ်မတော်အစိုးရ ကိုင်စွဲကျင့်သုံး နေသည့် အာဏာ(၃)ရပ်သည်လည်း အခြေခံဥပဒေနှင့်အညီ သက်ဆိုင်ရာ ဥပဒေပြုလွှတ်တော်များ၊ အစိုးရအဖွဲ့များ၊ တရားသူကြီးအဖွဲ့များ လက်ဝယ် သို့ အသီးသီးရောက်ရှိသွားမည်ဖြစ်ပြီး အပြန်အလှန် ထိန်းကျောင်းရင်း ဖွံ့ဖြိုးတိုးတက်မှုနှင့် အောင်မြင်မှုအနာဂတ်ဆီသို့ စနစ်တကျ တက်လှမ်းနိုင် စေမည် ဖြစ်ပေသည်။

ယခုအခါ နိုင်ငံတော်အာဏာကို ပြည်သူ့ထံသို့ ပြန်လည်အပ်နှင်းရေး အတွက် ကျန်ရှိနေသေးသော လုပ်ငန်းစဉ်(၂)ရပ်ကို ဆက်လက်အကောင် အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ရာ မဝေးလှသော အနာဂတ်တွင် ပြည်သူ တို့သည် အစဉ်အဆက် မျှော်မှန်းတောင့်တခဲ့ရသည့် ဒီမိုကရေစီပန်းတိုင်ကို လှမ်းကိုင်နိုင်ကြတော့မည် မုချပင်ဖြစ်သည်။ ထိုသို့သော အခွင့်အခါကောင်း ကို ပိုင်ဆိုင်နေသည့် ယခုနှစ် လွတ်လပ်ရေးနေ့အခါသမယဝယ် ပြည်သူတိုင်း သည် နိုင်ငံတော်၌ ရရှိထားပြီးဖြစ်သည့် တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီ ဖော်ဆောင်မှု အရှိန်အဟုန်များကို ပိုမိုခိုင်မာစေရေးအတွက် ပြည်ထောင်စု စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရ ပေမည်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝ သည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရပေမည်။ အလားတူ ပြည်ထောင်စုပြိုကွဲ စေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ယိုယွင်းပျက်စီးစေရန် ဖျက်လို ဖျက်ဆီး ကြံစည်အားထုတ် လုပ်ဆောင်လာမှု မှန်သမျှကိုလည်း တိုင်းရင်းသား ပြည်သူအားလုံးက အမျိုးသားရေးသတိ ကြီးစွာထား၍ တားဆီးကာကွယ် ဟန့်တားချေဖျက် သွားကြရမည်သာ ဖြစ်ပေသည်။

လွတ်လပ်ရေးသည် တန်ဖိုးကြီး၏။ တန်ခိုးထက်၏။ စည်းကမ်းရှိသော၊ စည်းလုံးညီညွတ်သော၊ အင်အားတောင့်တင်းသော၊ စွမ်းရည်ထက်မြက်သော လူမျိုးတို့နှင့်သာ ထိုက်တန်၏။ ထိုထိုသောလူမျိုးတို့၏ လက်ဝယ်၌သာ လွတ်လပ်ရေးသည် ထာဝရ တည်မြဲနိုင်၏။ လွတ်လပ်ရေးသည် ဆုံးရှုံးဖို့ လွယ်၏။ ပြန်ရယူဖို့ခက်၏။ ထိန်းသိမ်းစောင့်ရှောက်ဖို့ သာ၍ခက်၏။ ထို့ထက်ပို၍ နှစ်ပေါင်းရာထောင်ချီပြီး ကမ္ဘာအရှည်တည်တံ့ပိုင်ဆိုင်နိုင်ရေး ကား အလွန့်အလွန်ခက်ခဲတတ်ပေ၏။ ထို့ကြောင့် ကျွန်တော်တို့ပြည်သူ အားလုံး လွတ်လပ်ရေး၏ တန်ဖိုးကိုသိပြီး ချစ်ခင်မြတ်နိုးစိတ်နှင့် အစဉ် အဆက် ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ကြရန် အထူးလိုအပ်သည်။ စည်းလုံးကြရမည်။ ညီညွတ်ကြရမည်။ စည်းကမ်း ရှိကြရမည်။ အင်အား တောင့်တင်းခိုင်မာအောင် တည်ဆောက်ကြရမည်။ စွမ်းရည်ထက်မြက် အောင် မြှင့်တင်ကြရမည်။ ပြည်သူတိုင်းက အမျိုးသားရေးသတိဖြင့် အရိပ်တကြည့်ကြည့် စောင့်ရှောက်ထိန်းသိမ်းနိုင်မှသာ ယနေ့ (၆၃)နှစ် သက်တမ်းမှသည် နောင်နှစ်ပေါင်းရာထောင်ချီ၍ လွတ်လပ်ရေး အလှပန်း လန်းစွင့်ဝေဆာတင့်တယ်နိုင်မည်ဖြစ်ပါကြောင်း ထပ်လောင်းသတိပေး တင်ပြလိုက်ရပါသည်။ ။

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

လွတ်လပ်ရေးနေ့ ဒို့အောင်လံ

☆ လွတ်လပ်ရေးနေ့ ဒို့အောင်လံ…။
ထက်မိုးယံ လူလူလွင့်
ကြွားဝင့်မြူးပျံ။
ညီနောင်တွေ လက်ချင်းတွဲလို့
အသက်ချင်းလဲ တွန်းတော်လှန်
ပြိုင်စံမဲ့ မော်ကွန်း။
ကိုယ့်အချုပ်အခြာနှင့်
ကိုယ့်အာဏာ ကိုယ်ပိုင်စိုးကာ
တန်ခိုးထက်သည့် ပြည်ထောင်သစ်
ဖွင့်လှစ်ဖော်ညွှန်း။

☆ လွတ်လပ်ရေးနေ့ ဒို့အောင်လံ…။
ဒို့မြန်မာ သာကီမျိုးတို့
နိုးကြားအားမာန်။
ကိုယ့်အားကို ကိုယ်ယုံကိုး
ကိုယ့်မျိုးဂုဏ် ကိုယ်တိုင်မြှင့်လို့
ခရီးအဆင့်ဆင့် အောင်ပွဲခံ
ကိုယ့်နိုင်ငံ အနာဂတ်လမ်း။
တက်ညီလက်ညီနဲ့
ကမ္ဘာအရှည် တည်တံ့မြဲရအောင်
လက်တွဲကာ မဆုတ်မနစ်
အားသစ်လိုက်စမ်း။

☆ လွတ်လပ်ရေးနေ့ ဒို့အောင်လံ…။
ဒီမိုကရေစီ နိုင်ငံသစ်ကို
ထုဆစ်တည်ရန်။
မူလမ်းစဉ်(၇)ရပ်နဲ့
ချမှတ်ကာ တူပြိုင်လှမ်းခဲ့တော့
ပန်းဝင်ဖို့ အချိန်တန်
လမ်းမှန်ပေမို့ စခန်းဘယ်မဝေး။
မဖောက်မပြန် နောက်မချန်ဘဲ
တစ်ယောက်မကျန် ညီညာဝိုင်းလို့ရယ်
မဆိုင်းအတူ မျှယူထမ်း
ပန်းဝင်စို့လေး။ ။

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-

ဇော်မင်းမင်းဦး

နိုင်ငံခြားရေးဝန်ကြီး ဦးညဏ်ဝင်းအား ဗီယက်နမ်နိုင်ငံ ရှေ့နေများအသင်းဥက္ကဋ္ဌနှင့် အာဆီယံရှေ့နေများအသင်းသဘာပတိ လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ရှေ့နေများအသင်းဥက္ကဋ္ဌနှင့် အာဆီယံရှေ့နေများအသင်း သဘာပတိ H.E. Mr. Phan Quoc Anh နှင့်အဖွဲ့သည် ဒီဇင်ဘာ ၂၇ရက် မွန်းလွဲ ၂နာရီက နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ အာဆီယံရှေ့နေများ အသင်းဆိုင်ရာကိစ္စများကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပန်းတိုင်အထွက်နှုန်းရရှိရေး သဲကုန်းမြို့နယ်၌ စံကွက်ရိတ်သိမ်း

သဲကုန်း ဇန်နဝါရီ ၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)မှ ဒုတိယအထွေထွေမန်နေဂျာ ဦးအေးကိုကိုနှင့် ခရိုင်မန်နေဂျာ ဦးစိုးနိုင်တို့သည် မြို့နယ်မန်နေဂျာနှင့် ဝန်ထမ်းများ၊ ကျေးရွာစိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များနှင့်အတူ ဒီဇင်ဘာ ၈ရက်က ပြည်ခရိုင် သဲကုန်းမြို့နယ် သန္တေပင်ကျေးရွာအုပ်စု ရွာသာယာလေးကျေးရွာ ကွင်းအမှတ်(၇၇) ဦးပိုင်အမှတ်(၁၉) တောင်သူဦးခင်မောင်ဝင်း၏ မျိုးသန့်အဆင့်(၂) ဆင်းသွယ်လတ်မိုးစပါးစိုက်ခင်း ၅ ဒသမ ၄၅ဧက၌ စံကွက်ရိတ်သိမ်းကြသည်။**(အပေါ်ပုံ)** မိုးစပါးစံကွက်စိုက်ခင်းရိတ်သိမ်းရာတွင် တစ်ဧက ၁၀၀ ဒသမ ၁၅ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မီးဘေးကြိုတင်ကာကွယ်ရေး စမ်းချောင်းမြို့နယ်၌ လက်တွေ့ပြသ

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် ဗဟိုလမ်းမကြီးပေါ်ရှိ ရှမ်းလမ်းဈေး ဈေးသာယာရေးအဖွဲ့ဝင်များ၊ ဈေးသူဈေးသားများ၊ ဈေးစည်းကမ်းထိန်းသိမ်းရေး စည်ပင်သာယာရေးအဖွဲ့ဝင်များအား စမ်းချောင်းမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစောထွန်း၊ စခန်းမှူး ဦးရဲအောင်နှင့်အဖွဲ့ဝင်များ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် သိမှတ်ဖွယ်ရာများ ဟောပြောပွဲကို ဒီဇင်ဘာ ၂၄ရက် နံနက် ၁၀နာရီက ရှမ်းလမ်းဈေးရုံ၌ ဟောပြောသည်။

လက်တွေ့ပြသ

ဆက်လက်၍ ရှမ်းလမ်းဈေး ရှေ့တွင် မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်ခြင်း လက်တွေ့ပြသရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်မှတာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) **(၁၀၃)**

အိုင်တီနည်းပညာသင်တန်းသစ်များ ဖွင့်လှစ်မည်

ရန်ကုန် ဇန်နဝါရီ ၂

Myanmar WWW Institute သင်တန်းကျောင်းမှ အိုင်တီအခြေခံသင်တန်း၊ Programming အခြေခံသင်တန်းနှင့် Website ရေးဆွဲနည်းသင်တန်းများကို ဇန်နဝါရီလအတွင်း ထပ်မံဖွင့်လှစ်သွားမည်ဖြစ်သည်။

အိုင်တီအခြေခံ သင်တန်းသည် ယနေ့လူငယ်တိုင်း တတ်မြောက်ထားသင့်သော Microsoft Windows စနစ်ကို ကျွမ်းကျင်စွာအသုံးပြုနည်း၊ အင်္ဂလိပ် - မြန်မာနှစ်ဘာသာဖြင့် စာရိုက်နည်း၊ Power Point အသုံးပြုပြီး Presentation များပြုလုပ်နည်း၊ Photoshop ဖြင့် Graphic Design များဖန်တီးနည်း၊ Web Page ပြုလုပ်နည်းအပြင် Programming အခြေခံကိုပိုင်နိုင်စွာ နားလည်တတ်မြောက်စေရန် C++ဘာသာဖြင့် လက်တွေ့ပြုလုပ်လေ့ကျင့်ပေးခြင်းများ ပါဝင်မည်ဖြစ်သည်။ သင်တန်းကာလမှာ နှစ်လခွဲခန့်သာ ကြာမြင့်မည်ဖြစ်ကာ တစ်ပတ်လျှင်နှစ်ရက် (အင်္ဂါ၊ ကြာသပတေး) တစ်ချိန်နှင့် တစ်ပတ်လျှင် သုံးရက်(တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) တစ်ချိန်ရှိသဖြင့် မိမိနှင့်အဆင်ပြေမည့်အချိန်ကို ရွေးချယ်တက်ရောက်နိုင်မည်ဖြစ်သည်။

Essential Programming သင်တန်းတွင် Programming အခြေခံကောင်းများဖြစ်သော Pseudo Code, Flow Chart များကို အသုံးပြုပြီး Real Program Coding မရေးခင်တွင် Problems ဖြေရှင်းပုံများကို အသေးစိတ်သင်ယူရမည်ဖြစ်သည်။ ဤသင်တန်းကို Computer အခြေခံရှိသူများ တက်ရောက်နိုင်သည်။ သင်တန်းကာလမှာ နှစ်လခန့်ကြာမြင့်မည်ဖြစ်ပြီး တစ်ပတ်လျှင်သုံးရက် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) တစ်ချိန်နှင့် တစ်ပတ်လျှင်နှစ်ရက် (စနေ၊ တနင်္ဂနွေ) တစ်ချိန်ရှိသဖြင့် မိမိနှင့်အဆင်ပြေမည့်အချိန်ကို ရွေးချယ်တက်ရောက်နိုင်မည် ဖြစ်သည်။

Website ရေးဆွဲနည်း သင်တန်းတွင် Website တစ်ခု ဖန်တီးပုံကို အခြေခံမှစပြီး ကျွမ်းကျင်အဆင့်အထိ ရောက်အောင် သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းချိန်မှာ တစ်ပတ်လျှင် သုံးရက်(တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) တစ်ချိန်နှင့်တစ်ပတ်လျှင်နှစ်ရက်(စနေ၊ တနင်္ဂနွေ) တစ်ချိန်ရှိသဖြင့် မိမိနှင့်အဆင်ပြေမည့်အချိန်ကို ရွေးချယ်တက်ရောက်နိုင်မည် ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

၄င်းသင်တန်း သုံးမျိုးစလုံးကို တန်းခွဲတစ်ခုလျှင် သင်တန်းသား၁၀ဦးသာ ကန့်သတ်ထားရာ တက်ရောက်လိုသူများအနေဖြင့် ကြိုတင်စာရင်းပေးသွင်းကြရမည်ဖြစ်သည်။ အဆိုပါသင်တန်းများကို Myanmar WWW Institute တည်ရှိရာ အဆောင်(၅) အခန်း(၄) မြန်မာအင်ဖိုတက်ခ် လှိုင်တက္ကသိုလ်နယ်မြေ ရန်ကုန်မြို့၌ဖွင့်လှစ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိ လိုပါက ဖုန်း-၆၅၂၂၈၈၊ ၅၂၁၁၂၅ နှင့် ၆၅၂၂၅၈တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **(သတင်းစဉ်)**

TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂

၁၅ရက်တစ်ကြိမ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ(၂)၊ အမှတ်(၁၇)ကို ဖြန့်ချိလိုက်သည်။

ယင်း TV Guide စာစောင်တွင် မြန်မာစာတန်းထိုးများဖြင့် ပြသနေသည့် Star Movies ရုပ်သံလိုင်း၌ပြသမည့် Mothman, Edge of Darkness, Six Days Seven Nights စသည့် ဇာတ်ကားကောင်းများ၊ Star World ရုပ်သံလိုင်းတွင် Junior Masterchef Australia 2010 အစီအစဉ်၊ Channel V ရုပ်သံလိုင်း၏ V Special အစီအစဉ်တွင် Nelly Furtado ၏ အထူးအစီအစဉ်၊ TLC ရုပ်သံလိုင်းတွင် ကမ္ဘာ့ရုပ်ရှင်လောက၏ ထိပ်တန်းဖက်ရှင်ဒီဇိုင်နာ ၁၅ ဦးအကြောင်းပြသမည့် The Greatest Fashion Icons In Film အစီအစဉ်နှင့် နေအိမ်များရှိ အန္တရာယ်ရှိသောပိုးမွှားများအကြောင်း ပြသမည့် Is Your House Out To Get You? အစီအစဉ်၊ Animal Planet ရုပ်သံလိုင်းတွင် တိရစ္ဆာန်များ၏ အကူအညီဖြင့် အမှုအခင်းများ ဖြေရှင်းနိုင်ပုံကို တွေ့မြင်ရမည့် Animal Witness၊ သဘာဝတရား၏ ဆန်းကြယ်မှုတစ်ခုအဖြစ် ခြင်္သေ့ငယ်တစ်ကောင်က စိုင်ငယ်တစ်ကောင်အား ၁၆ရက်ကြာသည်အထိ ပြုစုစောင့်ရှောက်ခဲ့ပုံကို အံ့သြဖွယ်ကြည့်ရမည့် Heart of A Lioness အစီအစဉ်၊ Discovery ရုပ်သံလိုင်းတွင် အသက်အန္တရာယ်မှလွတ်မြောက်ခဲ့သည့် ဖြစ်ရပ်မှန်ဖြစ်စဉ်များအား ပြသမည့် Survive This အစီအစဉ်၊ ဆစ်ဒနီမြို့၏ နှစ်သစ်ကူးအကြိုပွဲတော်အကြောင်း ပြသမည့် DSC Sunday Revealed အစီအစဉ်၊ Nat Geo Wild ရုပ်သံလိုင်းတွင် တိရစ္ဆာန်များ၏ စုပေါင်းနေထိုင်မှုများကို ကြည့်ရမည့် Triumph of Life အစီအစဉ်နှင့် အံ့သြစရာအရာဝတ္ထုများကို မျိုချခဲ့သည့် ခွေးများအား ကယ်တင်ပုံကို ပြသမည့် My Dog Ate What အစီအစဉ်၊ ESPN နှင့် Star Sports ရုပ်သံလိုင်း၏ ပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်များ၊ Mandalay FM တွင် တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသားကျောင်းသူများအတွက် တင်ဆက်ပေးမည့် ထူးချွန်မောင်မယ်အတုယူဖွယ် အစီအစဉ်၊ ရုပ်သံလိုင်းအားလုံး၏ ၁၅ရက်စာ အစီအစဉ်များအပြင် မြဝတီရုပ်သံလိုင်း၏ ၁၅ရက်စာ အစီအစဉ်များ ပါဝင်သည်။

TV Guide စာစောင်ကို TV Guide Distribution Network ဖုန်း-၀၁-၇၃၀-၆၀၃၁၅ မှတစ်နိုင်ငံလုံးသို့ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Light Express ဖုန်း-၀၉-၅၀၈၀၈၅၀နှင့် ၃၉၁၁၈၆ တို့သို့ မှာယူနိုင်သည်ဟု သိရသည်။ **(သတင်းစဉ်)**

ဒီဇင်ဘာ ၁၅ရက်က ရပ်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဥတ္တံ့တားရပ်ကွက် သီတာလမ်း ကတ္တရာလမ်းခင်းခြင်းကို မြို့နယ်ဥက္ကဋ္ဌ ဦးခွန်စိုးလွင် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းညွန့် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာနိုင်ငံဆရာဝန်အသင်း ဆေးပညာဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့က ကြီးမှူး၍ အထွေထွေရောဂါ၊ မိသားစု ကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာစဉ်ဆက်မပြတ်တိုးတက်ရေးအတွက် ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ (Continuing Professional Development Forum) ကို ဒီဇင်ဘာ ၂၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီမှ ညနေ၃နာရီခွဲအထိ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မိသားစုကျန်းမာရေးစောင့်ရှောက်မှုစာတမ်းများ ဖတ်ကြားဆွေးနွေးခြင်းနှင့် အထူးကုသမားတော်ကြီးတစ်ဦးအား တွေ့ဆုံခြင်းအစီအစဉ် (Q&A on Common OB/GY Problems in General/Family Practice) တို့ပါဝင်ပြီး စိတ်ပါဝင်စားသော ဆရာဝန်များ တက်ရောက်ကြကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

အလိမ္မာ စာမှာရှိ

အထက(၁) သာကေတ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂

အထက(၁)သာကေတတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၂ခုနှစ် ဖေဖော်ဝါရီ ၃ရက်တွင် အသက်(၆၀)ပြည့်၍ အငြိမ်းစားယူခဲ့သည့် ဆရာ ဆရာမကြီးများအား (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၆ရက် နံနက် ၉ နာရီတွင် အထက (၁) သာကေတ မြဝတီခန်းမ၌ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများဖြစ်သည့် ဦးမောင်ဝင်း ဖုန်း-၃၇၁၉၇၄(ရုံး)၊ ၂၁၇၁၅၄(အိမ်)၊ ဦးမင်းဟန် ဖုန်း-၇၃၀-၁၃၇၉၃၊ ဦးစိုးသိန်း ဖုန်း-၃၉၂၇၀၁၊ ၀၉-၅၁၀၈၃၈၅၊ ဒေါ်အေးသန်း(မီဒီ)ဖုန်း-၅၄၁၄၇၉၊ ၀၉-၅၁၂၂၇၈၁၊ ဒေါ်အေးအေးသန်း ဖုန်း- ၅၄၇၄၀၉၊ ဦးကျော်ဇော ဖုန်း-၅၄၇၃၇၂၊ ၀၉-၅၀၈၆၃၉၄၊ ဒေါ်ကြည်ကြည်မြင့် ဖုန်း-၀၉-၅၁၃၉၇၆၂၊ ဒေါ်စိန်စိန် ဖုန်း-၇၃၀-၁၅၂၆၈၊ ဦးနီကိုလေး ဖုန်း-၅၅၇၂၉၉၊ဒေါ်သိန်းသိန်းဌေး ဖုန်း-၀၉-၅၁၆၄၀၂၃နှင့်ဒေါ်ခင်နွဲ့ ဖုန်း-၅၅၁၄၆၅ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ *(မြန်မာ့အလင်း)*

ရန်ကုန်-နေပြည်တော်-မန္တလေးအမြန်လမ်း လမ်းပိုင်းအလိုက် ယာဉ်ဖြတ်သန်းခကောက်ခံမည့် နှုန်းထားများ ထုတ်ပြန်ကြေညာ

နေပြည်တော် ဇန်နဝါရီ ၂

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး(နေပြည်တော်-ရန်ကုန်လမ်းပိုင်း)ကို ၂၀၀၉ခုနှစ် မတ်၂၅ရက်တွင်လည်းကောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး(နေပြည်တော်-မန္တလေးလမ်းပိုင်း)ကို ၂၀၁၀ခုနှစ် ဒီဇင်ဘာ ၂၉ရက်တွင်လည်းကောင်း ဖွင့်လှစ်ခဲ့သဖြင့် ယခုအခါ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို တစ်ဆက်တစ်စပ်တည်း အသုံးပြုသွားလာနိုင်ကြပြီ ဖြစ်သည်။

အဆိုပါအမြန်လမ်းမကြီးအသုံးပြု၍ သွားလာကြမည့် မော်တော်ယာဉ်များအတွက် ယာဉ်ဖြတ်သန်းခများကို ဇန်နဝါရီ ၆ရက်မှစ၍ ကောက်ခံသွားမည်ဖြစ်ရာ ယာဉ်ဖြတ်သန်းခ ကောက်ခံမည့် နှုန်းထားများမှာ အောက်ပါအတိုင်းဖြစ်ကြောင်း သိရှိရသည်-

အမှတ်(၃)လမ်းဆုံဂိတ်

လမ်းပိုင်းအမည်	၁ တန်အောက်	၃ တန်အောက်	၅ တန်အောက်	၁၀ တန်အောက်
အမှတ်(၃)လမ်းဆုံမှ ဖြူး	၁၅၀၀ိ	၃၀၀၀ိ	၄၅၀၀ိ	၇၅၀၀ိ
အမှတ်(၃)လမ်းဆုံမှ နေပြည်တော်	၂၅၀၀ိ	၅၀၀၀ိ	၇၅၀၀ိ	၁၂၅၀၀ိ
အမှတ်(၃)လမ်းဆုံမှမိတ္ထီလာ(သီးကုန်း)	၃၅၀၀ိ	၇၀၀၀ိ	၁၀၅၀၀ိ	၁၇၅၀၀ိ
အမှတ်(၃)လမ်းဆုံမှ စကားအင်း(မန္တလေး)	၄၅၀၀ိ	၉၀၀၀ိ	၁၃၅၀၀ိ	၂၂၅၀၀ိ

ဖြူးဂိတ်

လမ်းပိုင်းအမည်	၁ တန်အောက်	၃ တန်အောက်	၅ တန်အောက်	၁၀ တန်အောက်
ဖြူးမှ နေပြည်တော်	၁၀၀၀ိ	၂၀၀၀ိ	၃၀၀၀ိ	၅၀၀၀ိ
ဖြူးမှ မိတ္ထီလာ(သီးကုန်း)	၂၀၀၀ိ	၄၀၀၀ိ	၆၀၀၀ိ	၁၀၀၀၀ိ
ဖြူးမှ စကားအင်း(မန္တလေး)	၃၀၀၀ိ	၆၀၀၀ိ	၉၀၀၀ိ	၁၅၀၀၀ိ
ဖြူးမှ အမှတ်(၃)လမ်းဆုံ	၁၅၀၀ိ	၃၀၀၀ိ	၄၅၀၀ိ	၇၅၀၀ိ

နေပြည်တော်ဂိတ်

လမ်းပိုင်းအမည်	၁ တန်အောက်	၃ တန်အောက်	၅ တန်အောက်	၁၀ တန်အောက်
နေပြည်တော်မှ မိတ္ထီလာ(သီးကုန်း)	၁၀၀၀ိ	၂၀၀၀ိ	၃၀၀၀ိ	၅၀၀၀ိ
နေပြည်တော်မှ စကားအင်း(မန္တလေး)	၂၀၀၀ိ	၄၀၀၀ိ	၆၀၀၀ိ	၁၀၀၀၀ိ
နေပြည်တော်မှ ဖြူး	၁၀၀၀ိ	၂၀၀၀ိ	၃၀၀၀ိ	၅၀၀၀ိ
နေပြည်တော်မှ အမှတ်(၃)လမ်းဆုံ	၂၅၀၀ိ	၅၀၀၀ိ	၇၅၀၀ိ	၁၂၅၀၀ိ

မိတ္ထီလာ (သီးကုန်း) ဂိတ်

လမ်းပိုင်းအမည်	၁ တန်အောက်	၃ တန်အောက်	၅ တန်အောက်	၁၀ တန်အောက်
မိတ္ထီလာ(သီးကုန်း)မှ စကားအင်း(မန္တလေး)	၁၀၀၀ိ	၂၀၀၀ိ	၃၀၀၀ိ	၅၀၀၀ိ
မိတ္ထီလာ(သီးကုန်း)မှ နေပြည်တော်	၁၀၀၀ိ	၂၀၀၀ိ	၃၀၀၀ိ	၅၀၀၀ိ
မိတ္ထီလာ(သီးကုန်း)မှ ဖြူး	၂၀၀၀ိ	၄၀၀၀ိ	၆၀၀၀ိ	၁၀၀၀၀ိ
မိတ္ထီလာ(သီးကုန်း)မှ အမှတ်(၃)လမ်းဆုံ	၃၅၀၀ိ	၇၀၀၀ိ	၁၀၅၀၀ိ	၁၇၅၀၀ိ

စကားအင်း(မန္တလေး) ဂိတ်

လမ်းပိုင်းအမည်	၁ တန်အောက်	၃ တန်အောက်	၅ တန်အောက်	၁၀ တန်အောက်
စကားအင်း(မန္တလေး)မှ မိတ္ထီလာ(သီးကုန်း)	၁၀၀၀ိ	၂၀၀၀ိ	၃၀၀၀ိ	၅၀၀၀ိ
စကားအင်း(မန္တလေး)မှ နေပြည်တော်	၂၀၀၀ိ	၄၀၀၀ိ	၆၀၀၀ိ	၁၀၀၀၀ိ
စကားအင်း(မန္တလေး)မှ ဖြူး	၃၀၀၀ိ	၆၀၀၀ိ	၉၀၀၀ိ	၁၅၀၀၀ိ
စကားအင်း(မန္တလေး)မှ အမှတ်(၃)လမ်းဆုံ	၄၅၀၀ိ	၉၀၀၀ိ	၁၃၅၀၀ိ	၂၂၅၀၀ိ

(သတင်းစဉ်)

ဝမ်းတွင်းမြို့နယ်၌ ခရီးသည်တင် မှန်လုံယာဉ်တစ်စီးတိမ်းမှောက် လေးဦးသေဆုံး၊ ၁၁ ဦးဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၂

ယာဉ်မောင်းများ၏ ပေါ့လျော့စွာမောင်းနှင်မှု၊ အရှိန်ပြင်းစွာ မောင်းနှင်မှုနှင့် အရက်သေစာသောက်စားမူးယစ်မောင်းနှင်မှုတို့ကြောင့် ယာဉ်ပေါ်ပါခရီးသည်များ၏ အသက်များ ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ရာ တာဝန်ရှိသူများက ယာဉ်မောင်းများအား အဓိကဦးစားပေး၍ ပညာပေးဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း မြင်တွေ့၊ သိရှိ ဖတ်ရှုနေရသည်။

သက်သေပြ

သို့ရာတွင် ယာဉ်မောင်းများ၏ ကိုယ်တိုင်ချင့်ချိန်မှု၊ စည်းကမ်းလိုက်နာမှုတို့က လိုအပ်နေသေးကြောင်း ဒီဇင်ဘာ ၃၀ရက်က မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ ဖြစ်ပွားခဲ့သော ယာဉ်တိမ်းမှောက်မှုက သက်သေပြနေသည်။

ဒဏ်ရာရရှိ

ယာဉ်မောင်းမျိုးဝင်းမောင်းနှင်သည့် ခရီးသည်တင် မှန်လုံယာဉ်သည် ဒီဇင်ဘာ ၃၀ရက် နံနက် ၅နာရီခွဲခန့်တွင် ဝမ်းတွင်းမြို့နယ် မြေတိုင်ကန်ကျေးရွာအနီး ရန်ကုန်-မန္တလေး ကားလမ်း မိုင်တိုင်အမှတ် (၃၆၁/၆) နှင့် (၃၆၁/၇) အကြား၌ အရှိန်လွန်ပြီး လမ်းယာဘက်သို့ ထိုးကျတိမ်းမှောက်သွားခဲ့သဖြင့် ယာဉ်ပေါ်ပါခရီးသည် ၃၂ဦးအနက် အမျိုးသား သုံးဦး၊ အမျိုးသမီးတစ်ဦး ဦးခေါင်းကြေမွဒဏ်ရာများ ရရှိကာ သေဆုံးသွားခဲ့ကြောင်း၊ အမျိုးသား လေးဦး၊ အမျိုးသမီး ခုနစ်ဦးတို့ ပေါက်ပြဲပွန်းရောင် နာကျင်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။

အသက်လုံခြုံ

ဒဏ်ရာရရှိသူများအား ဝမ်းတွင်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ကုသပေးလျက်ရှိပြီး ယာဉ်မောင်းအား ဝမ်းတွင်းရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း၊ မျက်မြင်သက်သေ ဒေသခံတစ်ဦးက ခရီးသည်တင်မှန်လုံယာဉ်မှာ အရှိန်ပြင်းစွာ မောင်းနှင်လာသဖြင့် စိုးရိမ်မိပြီး လှမ်းကြည့်နေစဉ် ယခုကဲ့သို့ အရှိန်လွန်ပြီး တိမ်းမှောက်သွားခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူ လေးဦးမှာ ဒဏ်ရာပြင်းထန်ခဲ့ကြောင်း၊ ခရီးသည်တင်မှန်လုံယာဉ် မောင်းနှင်သူများအားလုံး သတိတရားလက်ကိုင်ထားပြီး မောင်းနှင်ကြပါမှ ယာဉ်မောင်းရော၊ ခရီးသည်များ၏ အသက်ပါ လုံခြုံမည် ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

(သတင်းစဉ်)

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဇန်နဝါရီ ၂

ဇန်နဝါရီ ၂ရက် နံနက် ၆နာရီ ၄မိနစ် ၁၀စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်တိုင်းထွာရေးစခန်းမှ အရှေ့မြောက်ဘက် မိုင်၂၀၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (ယူနန်ပြည်နယ်အတွင်း) နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

မြန်မာ့အလင်း **နောက်ဆုံးရနိုင်ငံတကာသတင်း**

တောင်ကိုရီးယား၌ ကြက်ငှက်တုပ်ကွေးပြန်လည်ဖြစ်ပွား

ဆိုးလ် ဇန်နဝါရီ ၂

တောင်ကိုရီးယားနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ ပြန်လည်ဖြစ်ပွားလာသဖြင့် နိုင်ငံအနောက်တောင်ပိုင်းနှင့် အလယ်ပိုင်းဒေသတို့မှ ကြက်၊ဘဲမွေးမြူရေး ခြံနှစ်ခြံမှ ကြက်နှင့်ဘဲများကို သုတ်သင်ရှင်းလင်းခဲ့ရကြောင်း တောင်ကိုရီးယားအရာရှိများက ဇန်နဝါရီ ၂ရက်၌ သတင်းထုတ်ပြန်သည်။

သုတ်သင်ရှင်းလင်း

၄င်းကြက်ဘဲမွေးမြူရေးခြံနှစ်ခြံတွင် H5N1 ဗိုင်းရပ်စ်ပိုး ကူးစက်ဖြစ်ပွားနေကြောင်း တောင်ကိုရီးယားနိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနမှ အတည်ပြုခဲ့သည်။ ယင်းမွေးမြူရေးခြံမှကြက်ကောင်ရေ ၁၀၀၀၀၀ကျော်နှင့်ဘဲကောင်ရေ ၁၀၀၀၀ကျော်တို့အား သုတ်သင်ရှင်းလင်းခဲ့သည်။ **(အောက်ပုံ)**

ပြီးခဲ့သည့်လကတည်းက ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုများရှိခဲ့ကြောင်း၊ ထို့ကြောင့် မွေးမြူရေးခြံများတွင် ကြက်ငှက်တုပ်ကွေးရောဂါ သတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။ **(အင်တာနက်)**

ခရီးသည်တင်လေယာဉ် မီးလောင်ပေါက်ကွဲ

မော်စကို ဇန်နဝါရီ ၂

ရုရှားနိုင်ငံ မော်စကိုမြို့အရှေ့ဘက် မိုင်၁၃၀၀ခန့်အကွာတွင် ဇန်နဝါရီ ၂ရက်က ရုရှားခရီးသည်တင်လေယာဉ်တစ်စင်း ပေါက်ကွဲမီးလောင်မှုဖြစ်ပွားခဲ့ရာ ခရီးသည်သုံးဦးသေဆုံးပြီး ၄၃ဦးဒဏ်ရာရရှိသွားကြောင်း ရုရှားသတင်းဌာနက ပြောကြားသည်။ **(အပေါ်ပုံ)**

ဖြစ်ပွားမှုမှာ ခရီးသည် ၁၂၄ဦး တင်ဆောင်ပျံသန်းလာသည့် တူ-၁၅၄အမ်အမျိုးအစား ဂျက်လေယာဉ်တစ်စင်းသည် လေယာဉ်ပျံသန်းစဉ် အင်ဂျင်တစ်လုံးမီးလောင်သဖြင့် မော်စကိုမြို့အရှေ့ဘက် ဆိုက်ဘေးရီးယားဒေသ ဆာဂတ်မြို့ရှိ နှင်းဖုံးလွှမ်းနေသောပြေးလမ်းပေါ်သို့ အရေးပေါ်ဆင်းသက်ခဲ့ပြီးနောက် ခရီးသည်များကို ကယ်ထုတ်နေစဉ် ပေါက်ကွဲမီးလောင်ခဲ့ခြင်းဖြစ်သည်။

ခရီးသည်လေးဦးသည် လေယာဉ်မီးလောင်စဉ် ထွက်ရှိလာသော မီးခိုးများနှင့် အဆိပ်ဖြစ်စေတတ်သော ဓာတ်ငွေ့များရှူရှိုက်မိခဲ့သဖြင့် နီးစပ်ရာဆေးရုံသို့ တင်ပို့ပေးခဲ့ရသည်။ လေယာဉ်မီးလောင်ပေါက်ကွဲမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

(အင်တာနက်)

မိုးမြင့်လင်းလက် - စုစည်းသည်

အီဂျစ်မြောက်ပိုင်း၌ ကားဗုံးပေါက်ကွဲ ခုနစ်ဦးသေဆုံး၊ ၂၄ဦး ဒဏ်ရာရရှိ

ကိုင်ရို ဇန်နဝါရီ ၂

အီဂျစ်နိုင်ငံမြောက်ပိုင်းတွင် ဇန်နဝါရီ ၂ရက်က ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ခုနစ်ဦးသေဆုံးပြီး ၂၄ဦးဒဏ်ရာရရှိခဲ့ကြောင်း အီဂျစ်ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ဖြစ်ပွားမှုမှာ အီဂျစ်နိုင်ငံမြောက်ပိုင်း အလက်ဇန္ဒြားရားမြို့ရှိ အဆောက်အအုံတစ်ခု၏ အပြင်ဘက်တွင်ရှိသော မော်တော်ယာဉ်တစ်စီးပေါ်၌ ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ **(အောက်ပုံ)**

ပြောကြား

ယခုဗုံးပေါက်ကွဲမှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိသော်လည်း အကြမ်းဖက်တိုက်ခိုက်ရေးသမားများမှာ အယ်လ်ခိုင်ဒါအဖွဲ့အစည်းနှင့် ဆက်စပ်လျက်ရှိကြောင်း၊ သေဆုံးသူဦးရေမှာ တိုးလာဖွယ်ရှိကြောင်း အလက်ဇန္ဒြားရား မြို့တော်ဝန် ဂျန်အဒယ်လာဘစ်က ပြောကြားသည်။ **(အင်တာနက်)**

3-1 (11).pmd 1 1/3/2011, 2:09 AM

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

■ ဆူပူအကြမ်းဖက်မှုကို မလိုလား။

■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မြန်မာ့အလင်း (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ ကြိုဆိုဂုဏ်ပြု

နိုင်ငံတော်လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံး အစဉ်အမြဲလက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်သွားကြရပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံးက တညီတညွတ်တည်း စုစည်းထိန်းသိမ်း ကာကွယ်ကြရပါမည်။

ကျော်ရဲမင်း၏ ဆောင်းပါး စာ - ၈၊ ၉

❖ လွတ်လပ်ရေးဆိုတာ . . . — ရဲမင်းထက်၏ ကာတွန်း စာ-၈၊ ၉

❖ လွတ်လပ်ရေးနေ့ ဒို့အောင်လံ — ဇော်မင်းမင်းဦး၏ ကဗျာ စာ-၉

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၂

၂၀၁၁ခုနှစ် ဇန်နဝါရီ ၄ရက်တွင်ကျင်းပမည့် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကျင်းပပုံများကို မြန်မာ့အသံနှင့် မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များမှ ထိုနေ့နံနက် ၆နာရီ ၄၅မိနစ်မှစတင်၍ အခမ်းအနားကျင်းပရာ နေပြည်တော်မြို့တော်ခန်းမရင်ပြင်မှ တိုက်ရိုက်ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

၂-၁-၂၀၁၁

ပင်လောင်းမြို့	၁ ဒီဂရီစင်တီဂရိတ်
ဟားခါးမြို့	၂ ဒီဂရီစင်တီဂရိတ်
လားရှိုးမြို့	၄ ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	၄ ဒီဂရီစင်တီဂရိတ်
လွိုင်လင်မြို့	၄ ဒီဂရီစင်တီဂရိတ်

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး